

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ ဧပြီလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ ဧပြီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် (၄/၂၀၂၁)

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၁ ခုနှစ်၊ မေလ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၅၀၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

# မာတိကာ


– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၇

၂။ မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၁

၃။ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၄

၄။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၈

၅။ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား ၂၅

၆။ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက် စစ်ဆင်မှုနှင့် ပစ်ခတ်မှု လေ့ကျင့်ဆောင်ရွက်သည့်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၂၉

၇။ ရှေ့ဂတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၃၃

၈။ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအားတွေ့ဆုံပြောကြားသည့် အမှာစကား ၃၇

၉။ ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအားတွေ့ဆုံပြောကြားသည့် အမှာစကား ၄၀

၁၀။ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၄၃

၁၁။ ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကား ၄၇

၁၂။ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၅/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၄၉

၁၃။ တက္ကသိုလ်များတွင် စီးပွားရေးဘွဲ့သင်တန်းနှင့် ဥပဒေဘွဲ့သင်တန်းများတိုးချဲ့ဖွင့်လှစ်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၅၃

၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၅၇


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက် သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၃-၄-၂၀၂၁ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၃ ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှု ဖြစ်ပွားနိုင်သော မဲစာရင်းကြီးမားစွာမှားယွင်းမှုများကို တာဝန်ရှိသူ အဖွဲ့အစည်းအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့်ရယူရန် ကြံစည်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## တိုက်တွန်းပြောပြ

ရွေးကောက်ပွဲမတိုင်ခင်တွင်လည်း တရားမျှတသည့် ဒီမိုကရေစီရွေးကောက်ပွဲ ဖြစ်စေရန်၊ ကိုယ်စားလှယ်များရွေးချယ်ရာ၌ တိုင်းပြည်နှင့် လူမျိုးအကျိုးသယ်ပိုးနိုင်မည့်သူ၊ စိတ်ရင်းစေတနာကောင်းထားနိုင်သူ၊ ဥပဒေကို သိရှိနားလည်ပြီး လိုက်နာနိုင်မည့်သူ၊ ဒေသအကျိုးကို ဖော်ဆောင်နိုင်မည့်သူများကို ရွေးချယ်မဲပေးကြရန် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် တိုက်တွန်းခဲ့ကြောင်း၊ မဲမပေးကြရန် No Vote လှုံ့ဆော်မှုများကို တွေ့ရှိလာရပြီး မဲမပေးပါက မိမိတို့၏အခွင့်

အရေးများသာ ဆုံးရှုံးနိုင်မည်ဖြစ်သဖြင့် အားလုံး ဆန္ဒမဲများပေးကြရန်နှင့် ဖြစ်သင့်သည်များကို တိုက်တွန်းပြောပြခဲ့ကြောင်း၊ မိမိတို့ဆန္ဒမဲပေးလိုက်သည့် ကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးသို့ ရောက်ရှိလာမည်ဖြစ်ပြီး မိမိတို့ကိုယ်စား နိုင်ငံတော်ကို အုပ်ချုပ်ခေါင်းဆောင်မည့်သူများကို ရွေးချယ်ပေးကြရမည်ဖြစ်သဖြင့် ပြည်သူ့ကိုယ်စားလှယ်စစ်စစ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ခဲ့ချိန်တွင် မိမိတို့ တပ်မတော်သားများအနေဖြင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းသတ်မှတ်ချက်များ၊ တပ်မတော်မှ စနစ်တကျမဲပေးနိုင်အောင်ဆောင်ရွက်ပေးထားမှုများနှင့်အညီ တက်ကြွစွာပါဝင်၍ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အနှစ်သာရတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ၏ ၇၇ ရာခိုင်နှုန်း မဲပေးခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် တက်လာသည့် အစိုးရသည် အတိုင်းအတာတစ်ခုထိ အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့သော်လည်း အခက်အခဲမျိုးစုံဖြင့်

**ကမ္ဘာ့နိုင်ငံအသီးသီးတွင်**
**ဒီမိုကရေစီစနစ်ကို**
**ကျင့်သုံးလျက်ရှိပြီး**
**အုပ်ချုပ်ပုံ၊ ရွေးကောက်တင်မြှောက်ပုံချင်း**
**တူညီမှုမရှိကြဘဲ**
**မိမိနိုင်ငံ၏ ယဉ်ကျေးမှုစရိုက် လက္ခဏာ၊**
**ကိုးကွယ်မှု၊ ဖြစ်တည်မှု**
**အနေအထားများနှင့် ကိုက်ညီသည့်**
**ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးလေ့ရှိကြ။**

ရင်ဆိုင်ခဲ့ရကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး ၅ နှစ်တာ သက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံတွင် လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့သည်ကို ဝေဖန်မှုများရှိခဲ့ကြောင်း၊ ထို့ပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်ချက်များကို တွေ့ရှိလာရကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်တွင် အားမလိုအားမရဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များ ဖြစ်လာကြသည်ကိုတွေ့ရပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ လုပ်သည့်အခါတွင် ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ကို သိရှိရကြောင်း။

သို့ရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်၌ COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး Social Distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရသော်လည်း မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းများကို ကွဲလွဲစွာဖြင့် အကြိမ်ကြိမ်ကြေညာခဲ့ကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ မိတ္ထီလာမြို့နယ်တွင် မဲမသမာမှုပေါင်း ၂ သောင်း ၉ ထောင်ကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်းကျော်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်း မရသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်ကို

နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီ ဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး အုပ်ချုပ်ပုံ၊ ရွေးကောက်တင်မြှောက်ပုံချင်း တူညီမှုမရှိကြဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ကိုးကွယ်မှု၊ ဖြစ်တည်မှု အနေအထားများနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ပုံဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒီမိုကရေစီ ရင့်ကျက်မှု မရှိသေးသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့တို့က ၎င်းတို့လိုလားသည့် ဒီမိုကရေစီပုံစံအတိုင်းဖြစ်စေရန် ခေါင်းစဉ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်ကြိုးပမ်းလာသည်ကိုလည်း တွေ့ရှိခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်ကို တာဝန်ယူခဲ့ရပြီးနောက်ပိုင်း ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှ စတင်၍ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဆူပူမှု၊ ဆူပူအကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်သည့် လုပ်ဆောင်မှု၊ ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် နိုင်ငံတော်အုပ်ချုပ်ရေးအဆောက်အအုံများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အအုံများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ လုယက်ခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများစသည့် လက်နက်ကိုင်အကြမ်းဖက်သည့် အဆင့်သို့ ကူးစက်အသွင်ပြောင်း လာခဲ့သည်ကို တွေ့ရှိလာခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြစ်ပေါ်လာသည့် ဆူပူအကြမ်းဖက်မှုအခြေအနေများအလိုက် ပြဋ္ဌာန်းဥပဒေပါ အဓိကရုဏ်း ဖြိုခွဲနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံး အဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာတွင် ဖြစ်ပေါ်လျက်ရှိသည့် ဖြစ်စဉ်ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ပါက များစွာသက်ညှာစွာ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**ပထမဦးစားပေး**

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါကြောင့်ဖြစ်ပေါ်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ကုစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်၏တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရေးအတွက် ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည် ဆောင်ရွက်လျက်ရှိကြောင်း၊ အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြို့နယ် တစ်မြို့နယ်ချင်းအလိုက် မဲစာရင်းများကို အသေးစိတ် စစ်ဆေးလျက်ရှိပြီး ယခင် တပ်မတော်က စစ်ဆေးတွေ့ရှိချက်များထက်ပင် မသင်္ကာဖွယ်မဲစာရင်းများ ပိုမိုများပြားနေသည်

ကို စစ်ဆေးတွေ့ရှိရကြောင်း၊ နောင်တစ်ချိန်ကျင်းပပြုလုပ်ပေးမည့် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် အခြေခံအကျဆုံးဖြစ်သည့် သန်းခေါင်စာရင်းနှင့် နိုင်ငံသားမှတ်ပုံတင်မှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ပြည်ပအန္တရာယ်ကိုကာကွယ်ရန် အဓိကတာဝန်ရှိကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက် ပြည်တွင်းသောင်းကျန်းမှုများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအား မြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်မတော်ဖြစ်အောင် အမြဲတမ်း ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စားသောက်ရေးတွင် အပိုငွေများကုန်ကျမှုမရှိစေရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**ခွင့်ပြုပေးသွားမည်**

တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် ပညာတတ် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ပြီး အခြေခံမှာ အတန်းပညာ တတ်မြောက်ရန်ပင်ဖြစ်ကြောင်း၊ ကျောင်းများတစ်နှစ်ပိတ်ထားရခြင်းကြောင့် နိုင်ငံတော်၊ မိဘနှင့်ကာယကံရှင် ကျောင်းသား၊ ကျောင်းသူများတွင် နစ်နာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် အခြေအနေပေးပါက မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို လုပ်သင့်လုပ်ထိုက်သည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း။

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကျောင်းများပိတ်ထားရသဖြင့် မိမိတို့၏ ကလေးငယ်များကို စာပေအသိပညာနှင့် ဗဟုသုတရစေရန် ယဉ်ကျေးလိမ္မာနှင့် အခြားသုတရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာစေရမည့်အပြင် မိမိတို့ကိုယ်တိုင်လည်း စာဖတ်ကြရန်လိုကြောင်း၊ တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာပြီး ပြည်သူနှင့် တိုင်းပြည်၏ အစိတ်အပိုင်း တစ်ခုဖြစ်သဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အမြဲဖော်ဆောင်ပေးရမည်ဖြစ်ပြီး ပြည်သူကအားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှသာလျှင် အဖွဲ့လိုက်စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့၏ မူလရည်မှန်းချက်တာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်သည့်အတွက် တစ်ဦးချင်း အသိစိတ်ဓာတ် ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့ တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကို ကောင်းအောင် ကြိုးစားလုပ်ဆောင်ကာ တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

## ( ၄-၄-၂၀၂၁ )





တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီ သမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်ကို နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧပြီလ ၄ ရက် နံနက်ပိုင်းတွင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အထိ တပ်မတော်အနေဖြင့် ဖြစ်ပေါ်လာသော အခြေအနေများအရ နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူဆောင်ရွက်ခဲ့ရသည်မှာ နှစ်လကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ ယခုအခြေအနေသို့ မရောက်ရှိမီ ကာလများအတွင်း မိမိအနေဖြင့် တပ်နယ်အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းပြောဆိုမှုများ လုပ်ဆောင်ခဲ့ကြောင်း၊ တိုင်းပြည်တစ်ခု တိုးတက်ရန်အတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်အတွက် ပါတီစုံ ဒီမိုကရေစီစနစ် မှန်ကန်ပါက အေးချမ်းမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူက ရွေးချယ်ခြင်း ဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်ပါက ကောင်းမွန်မည်ဖြစ်ပြီး မှန်ကန်မှုမရှိပါက အတိုက်အခံများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမျှတပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုအပ်မည်ဖြစ်ကြောင်း။

**သံသယဖြစ်စရာများ တွေ့ရှိ**

ရွေးကောက်ပွဲ မတိုင်မီကာလများကို ပြန်လည်လေ့လာကြည့်ပါက ပါတီမဲဆွယ်စည်းရုံးရေးများ လုပ်ဆောင်ရာတွင်လည်း ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှုများ မရှိခဲ့သည်ကို သံသယဖြစ်စရာများ တွေ့ရှိရကြောင်း၊ ပါတီ၏မူဝါဒများကြေညာ၍ မဲဆွယ်စည်းရုံးရာ၌ပင် ဆင်ဆာဖြတ်တောက်မှုများရှိလာခဲ့ပြီး COVID-19 အကြောင်းပြ၍ အမိန့် မျိုးစုံထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့်လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေးဆောင်ရွက်ပေးရန် ကြံ့သည့်နေရာတိုင်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ ဖြစ်စေရေး လုပ်ဆောင်ပေးရန် အဓိကထားဦးတည်၍ ပြောကြားခဲ့ကြောင်း။

**မလုပ်ဆောင်နိုင်ခဲ့**

ဒီမိုကရေစီအစိုးရသက်တမ်း ပထမ ၅ နှစ်အတွင်း လုပ်ဆောင်ခဲ့သည့် ဦးသိန်းစိန် အစိုးရသည် အထိုက်အလျောက်အောင်မြင်မှုများရရှိအောင် လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ တပ်မတော်နှင့် လက်တွဲ၍ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၄ နှစ်အတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ချုပ်ဆိုနိုင်သည်အထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အသစ်တက်လာသည့် အစိုးရသည်လည်း ပြည်သူလူထုမျှော်လင့်ထားသည့် အတိုင်းအတာအထိ စွမ်းဆောင်မှုများ မလုပ်ဆောင်နိုင်ခဲ့သည့်အပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ခဲ့သည်ကိုပင် တွေ့ရှိလာရကြောင်း။

ထို့ကြောင့် ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရခြင်းကို စိတ်ပျက်လာကြပြီး မဲမပေးကြရေး လှုံ့ဆော်မှုများကိုလုပ်ဆောင်လာခဲ့ကြကြောင်း၊ဒီမိုကရေစီစနစ်တွင် မဲမပေးပါက မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများ နစ်နာမည်ဖြစ်သဖြင့် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် အားလုံးဆန္ဒမဲပေးကြစေရေးနှင့် မိမိဒေသနှင့် တိုင်းပြည်ကို အကျိုးပြုနိုင်မည့်သူ၊ ဥပဒေကိုနားလည်မည့်သူ၊ စေတနာထား၍ အုပ်ချုပ်နိုင်မည့်သူကို ရွေးချယ်မဲပေးကြစေရေး အမြဲတိုက်တွန်းပြောဆိုခဲ့ကြောင်း။ ရွေးကောက်ပွဲပြုလုပ်ပြီး မဲရလဒ်များထွက်ပေါ်လာသည့်အချိန်တွင် မသင်္ကာဖွယ်ရာ ရလဒ်များဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊စစ်ဆေးခဲ့ရာတွင်



**တိုင်းပြည်တစ်ခု**
**တိုးတက်ရန်အတွက်**
**နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့်**
**လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်**
**လိုအပ်မည်ဖြစ်၊**
**နိုင်ငံရေးအရ**
**တည်ငြိမ်အေးချမ်းရန်အတွက်**
**ပါတီစုံဒီမိုကရေစီစနစ်**
**မှန်ကန်ပါက အေးချမ်းမည်ဖြစ်။**

လည်း စုစုပေါင်း သံသယဖြစ်ဖွယ် မဲမသမာမှု ၁၀ သန်းကျော်အထိ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန်အထိ ကြိုးပမ်းလာမှုများကိုပါ လုပ်ဆောင်လာခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူထိန်းသိမ်းပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းများ ကြီးမားစွာ မှားယွင်းမှုဖြစ်ပေါ်ခဲ့ခြင်းသည် ဒီမိုကရေစီကို ပြက်ရယ်ပြုခြင်း၊ စော်ကားခြင်းဖြစ်သဖြင့် မည်သို့မျှ လက်ခံ၍ရနိုင်မည် မဟုတ်ကြောင်း၊ လက်ရှိအချိန်တွင် အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများကို မြို့နယ်တစ်ခုချင်းစီအလိုက် အသေးစိတ်စစ်ဆေးလျက်ရှိပြီး စစ်ဆေးမှုများ အားလုံးပြီးစီးပါက ပေါင်းချုပ်စာရင်းကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှုများကိုလည်း စစ်ဆေးတွေ့ရှိရသဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံတိုးတက်စေရေးအတွက် ဦးတည်ချက် (၉)ရပ် ချမှတ်ကာ လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်၏ အဓိက လုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး စွမ်းရည်စွမ်းအားနှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**တပ်မတော်ဂုဏ်ကို မြှင့်တင်**

မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ နေထိုင်ပြောဆိုလုပ်ကိုင်မှုများမှတစ်ဆင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်သဖြင့် တစ်ဦးချင်း စွမ်းရည်မြင့်မားစေရေး လေ့ကျင့်ရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးအတွက်လည်း လုပ်သင့်လုပ်ထိုက်သည့် ကိုယ်လက်လှုပ်ရှား အားကစားနှင့် စာပေဖတ်ရှုလေ့လာခြင်းများကို မိမိသာမက မိမိ၏မိသားစုများကိုပါ လုပ်ဆောင်တတ်စေရန် လေ့ကျင့်တိုက်တွန်းကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းစနစ်တကျရှိပြီး အမိန့်နာခံတတ်သည့် တပ်မတော်ဖြစ်သည်နှင့်အညီ ညီညွတ်မှုတသည့် အုပ်ချုပ်မှုအဆင့်ဆင့် ရှိရမည်ဖြစ်ပြီး လူမှုရေးအရနှင့် အုပ်ချုပ်ရေးအရ အုပ်ချုပ်ခြင်းကို ခွဲခြားသိမြင်ကာ ဦးဆောင်ဦးရွက် ပြုနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၄-၄-၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၄ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွန့်ဖေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦး၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု အခြေအနေများ၊ COVID -19 ရောဂါ ကာကွယ်ဆေးထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အထွေထွေ အချက်အလက်များကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အနှစ်သာရဖြစ်ပြီး မိမိတို့ ငယ်စဉ်က အတန်းပညာသင်ကြားစဉ်ကပင် အတန်းခေါင်းဆောင် ရွေးချယ်ခန့်ထားရာ၌ အများ၏ဆန္ဒဖြင့် ရွေးချယ်ခဲ့ခြင်းပင်ဖြစ်

ကြောင်း၊ ယခုဆောင်ရွက်ခြင်းသည် ပြည်သူ့ဆန္ဒနှင့် အညီ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ခြင်း ဖြစ်သဖြင့် ပိုမိုအရေးကြီးပါကြောင်း၊ ယခင် တပ်မတော် အစိုးရလက်ထက် တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီ မကူးပြောင်းမီကာလများတွင် နိုင်ငံတကာ တွင်ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကို လေ့လာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့် ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့လိုလား တောင့်တသည့် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ ရောက် ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီ မိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီ နည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ ပါကြောင်း၊ ရွေးကောက်ပွဲပြီးနောက် သမ္မတဦးသိန်းစိန် လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင် ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံ တကာဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက် ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှု များနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင် လျှောက်လှမ်းခဲ့ခြင်းဖြစ်သဖြင့် ဒီမိုကရေစီစနစ် နှင့် ပတ်သက်၍ နားလည်သိရှိနိုင်ရန် လိုအပ်မှုများရှိခဲ့ ပါကြောင်း။

## လုပ်ဆောင်နိုင်ခြင်းမရှိ

၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ် ရပ်တည် နေသော NLD ပါတီကို ရွေးကောက်ပွဲ ဝင်ရောက်နိုင်စေ ရေး ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရ သစ်တစ်ရပ် တက် လာခဲ့ပြီး ၅ နှစ်တာသက်တမ်း အုပ်ချုပ်ခဲ့ရာတွင် အစိုးရ ၏ လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံတွင် ပြည် သူ လူထု မျှော်လင့်ထားသည့် အတိုင်းအတာထိ၊ ထိုက် သင့်သည့် တိုးတက်မှုများဖြစ်အောင် လုပ်ဆောင်နိုင်ခြင်း မရှိသည်ကို တွေ့ရှိ ကြရမည်ဖြစ်ပါကြောင်း။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ် ခဲ့ ရာတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရသဖြင့် တပ်မတော်က နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက် ပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့ကြောင်း၊ မဲစာရင်း လိမ်လည်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုး သားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည် ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့် စာမေးပွဲကို မတန်တဆ အမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင် သည်နှင့် တူနေပါကြောင်း၊ ထိုသို့ မဲစာရင်း မှားယွင်း နေမှုများကို ဖြေရှင်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည် ကြိုးပမ်းလာမှုများကြောင့် နိုင်ငံ တော်ကို အရေးပေါ်အခြေအနေကြေညာကာ ယာယီ သမ္မတ၏ လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေခြင်း ပင်ဖြစ်ပါကြောင်း။

ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် အချိုးကျ ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်း ဒေသကြီးနှင့် ပြည်နယ် ကောင်စီဥက္ကဋ္ဌများကို အရပ်သား များဖြင့်သာ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ တပ်မတော်အနေ ဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ

> **မဲစာရင်း လိမ်လည်မှုသည်**
> **ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး**
> **ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင်**
> **မဲနိုင်မည်ဖြစ်သော်လည်း**
> **ရိုးရိုးဖြေပါက အောင်မြင်မည့်**
> **စာမေးပွဲကို**
> **မတန်တဆ အမှတ်လိုချင်သဖြင့်**
> **မသမာသည့်နည်းဖြင့်**
> **လုပ်ဆောင်သည်နှင့် တူနေ။**

ထိန်းသိမ်းဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း၊ ယခင်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို စစ်ဆေးခဲ့ရာတွင်လည်း ၎င်းတို့၏ ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်မှုမရှိဘဲ သမ္မတ၏ ပြောဆိုမှုအတိုင်းသာ လုပ်ဆောင်နေရခြင်းဖြစ်သည်ဟု ဖွင့်ဟပြောဆိုခဲ့ပြီး ထိုသို့ ပြောဆိုခဲ့မှု အခြေအနေများကိုလည်း သတင်းစာရှင်းလင်းပွဲများတွင် ထည့်သွင်းပြသခဲ့ပြီး ဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံများတွင် မဲမသမာမှုပြုလုပ်ပြီး ရွေးကောက်ပွဲ အနိုင်ရရန် လုပ်ဆောင်ခြင်းသည် မည်သည့်နိုင်ငံကမျှ လက်ခံ၍ရနိုင်မည်မဟုတ်သည့် လုပ်ရပ်ဖြစ်ပြီး ဒီမိုကရေစီကို ပြက်ရယ်ပြုစော်ကားခြင်းပင် ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်၅ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ကိုချမှတ်၍ ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ COVID –19 ရောဂါကာကွယ် ကုသရေးလုပ်ငန်းများနှင့် ရောဂါကြောင့် ဖြစ်ပေါ်ထိခိုက်ခဲ့သည့် စီးပွားရေးကဏ္ဍကို ကုစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း NCA ပါ သဘော တူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်၏ တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**မဲစာရင်း မှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာကာ ယာယီသမ္မတ၏ လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏တာဝန်များကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေခြင်းပင်ဖြစ်။**

### ဆီဖူလုံမှု ၃၅၂ ရာခိုင်နှုန်း

မကွေးတိုင်းဒေသကြီးသည် ဆီဖူလုံမှုရှိပြီး နိုင်ငံတော်၏ ဆီအိုးကြီးဟု ပြောဆိုမှုများရှိကြပြီး ဆီဖူလုံမှု ၃၅၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရှိရပါကြောင်း၊ ဆီထွက်ရှိသည့် ဒေသဖြစ်သော်လည်း ဆီကြောင့်ဖြစ်ပွားသည့် ရောဂါများ ဖြစ်ပေါ်နေရခြင်းမှာ မိမိဒေသထွက် ပဲ၊ နှမ်းများကို ပြင်ပသို့ရောင်းချပြီး ပြင်ပမှဆီများကို ပြန်လည်ဝယ်စားနေခြင်းကြောင့်ပင် ဖြစ်ကြောင်း၊ ထို့ပြင် အချိုမှုန့်များစားသုံးခြင်း၊ မူးယစ်ဆေးများသုံးစွဲခြင်းတို့ကြောင့်လည်း ရောဂါဖြစ်ပွားမှုများကို ပိုမိုတိုးပွားစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပျမ်းမျှမျှော်မှန်း သက်တမ်းသည် ၆၇ နှစ်ရှိပြီး မကွေးတိုင်းသည် ပျမ်းမျှသက်တမ်းထက် နည်းပါးနေသည်ကို တွေ့ရှိရကြောင်း။

မကွေးတိုင်းဒေသကြီးတွင် ဆန်ဖူလုံမှု ၆၇ ရာခိုင်နှုန်းခန့်သာရှိပြီး ရသည့်ဝင်ငွေဖြင့် ပြင်ပမှ ဝယ်ယူစားသုံးမည်ဆိုပါက ဒေသတွင်းမှ ငွေကြေးများသည် ပြင်ပသို့ ရောက်ရှိသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်သောကြောင့် ဒေသတွင်း၌ အထွက်နှုန်းတိုးပွားအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးပွားအောင် စိုက်ပျိုးမြေဧက တိုးချဲ့စိုက်ပျိုးပါက မြေဧကအတွက် အကုန်အကျများမည်ဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် စိုက်ပျိုးရေးအသိပညာ ဗဟုသုတများတိုးပွားအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှုသာလျှင် ဒေသတွင်း ငွေကြေး ကြွယ်ဝမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ထိုမှတစ်ဆင့် တိုင်းပြည်ကို ကြွယ်ဝချမ်းသာလာစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရှိရမည်၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရမည်၊ ဆက်သွယ်မှုစနစ် ကောင်းမွန်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးစနစ်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းတို့ ရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ လူသား အရင်းအမြစ်ကောင်းရရှိရန်အတွက် ကျန်းမာရေး၊ ပညာရေးတို့ကို အားပေးရမည်ဖြစ်ကြောင်း၊ ယခုအခါ COVID-19 ဖြစ်ပေါ်မှုကြောင့် ပိတ်ထားရသည့် ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၉၀ ရာခိုင်နှုန်းကျော် စာတတ်မြောက်သည်ဟု ကိန်းဂဏန်းများအရ သိရှိရပြီး တတ်မြောက်မှုအများစုသည် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ပညာရေးသာ ဖြစ်ကြောင်း။

**စနစ်တကျဆောင်ရွက်**

မကွေးတိုင်းဒေသကြီးအတွင်း နှမ်း၊ မိုး၊ ဆောင်းစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများ တွေ့ရှိရကြောင်း၊ အဓိကမှာ ရေလိုအပ်ချက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေရရှိရန်အတွက် ဆိုလာစနစ်ကို အောင်မြင်အောင် ပြုလုပ်၍ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ကာ မြစ်ရေတင်စီမံကိန်းများကို အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပူပြင်းသည့် ရာသီဥတု ဖြစ်နေခြင်းသည် ယခင်က သစ်ပင်စိုက်ပျိုးမှုမရှိဘဲ သစ်သယံဇာတကို အလွန်အကျွံ ထုတ်ယူသုံးစွဲခဲ့ခြင်းကြောင့် ဖြစ်သည်ကို နားလည်ရမည်ဖြစ်ပြီး နောင်လာနောက်သားတို့အတွက် မျှော်တွေး၍ သစ်ပင်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်သည်အထိ စီမံခန့်ခွဲသူများက စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုး မွေးမြူရေးကို အဓိက လုပ်ဆောင်ကြသဖြင့် စိုက်ပျိုး မွေးမြူရေးသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တို့ကို ရေရှည် စီမံကိန်းဖြင့် လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အောင်မြင်စေရန် မြေ၊ ရေ၊ နည်း၊ မျိုးတို့ကို ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ ဝေမျှပေးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့် ကျန်းမာသန့်ရှင်းသည့် မွေးမြူရေးစနစ်ဖြစ်ရန် လိုအပ်မည် ဖြစ်ကြောင်း။

**ပြောကြား**

ထို့ပြင် ဒေသထွက်ကုန်များကို ခေတ်မီသော ထုပ်ပိုးမှုပုံစံများဖြင့် ကောင်းမွန်အောင်လုပ်ဆောင်၍ One Village One Product စနစ်ဖြင့် ဒေသမှ စံပြထုတ်ကုန် တစ်မျိုးချင်းကို ဈေးကွက်ဝင်ရန် ကြိုးစားခြင်းဖြင့် တစ်ဖက်မှလည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုလေ့လာသူများရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်း ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး ဒေသတွင်းဝင်ငွေကို ကြွယ်ဝစေနိုင်ကာ ဒေသခံပြည်သူလူထု၏ လူနေမှုစနစ်ကို မြင့်မားလာစေမည် ဖြစ်ကြောင်း၊ ဒေသတွင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိဒေသကို၊ မိမိတိုင်းပြည်ကို တိုးတက်ကောင်းမွန်စေလိုသည့် စိတ်ထား၍ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၆-၄-၂၀၂၁ )





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သဘင်ဆောင်၌ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံအား အရေးပေါ်အခြေအနေ ကြေညာ၍ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရမှု၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ပြောကြားလိုကြောင်း၊ နိုင်ငံတော်၏ တာဝန်ကိုရယူခဲ့ရမှုနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပေါ်ခဲ့သော မဲမသမာမှုဖြစ်စဉ် ဖြစ်ပွားခဲ့မှုကို အခြေခံ၍ နိုင်ငံတော် တာဝန်ကိုရယူခဲ့ရခြင်းဖြစ်ကြောင်း။

**အထွေထွေရွေးကောက်ပွဲများ ကျင်းပ**

မိမိတို့နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြည်ခိုင်ဖြိုးပါတီက အနိုင်ရရှိခဲ့ကြောင်း၊ အဆိုပါရွေးကောက်ပွဲသည် မိမိတို့နိုင်ငံအတွက် ပထမဆုံး အတွေ့အကြုံဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် အဓိကအတိုက်အခံ ပါတီကြီးများ မရှိသည့်အတွက် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်တွင် NLD ပါတီ အနေဖြင့် အတိုက်အခံပါတီအနေဖြင့် ရပ်တည်ခဲ့သော်လည်း သပိတ်မှောက်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အနိုင်ရခဲ့သည့် ပါတီအနေဖြင့် အစိုးရဖွဲ့ပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်တွင် ပါတီစုံပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆(ဂ)ကို ပြင်ဆင်ပေးခဲ့ပြီး ပုဒ်မ ၁၀ (င)ကို ပယ်ဖျက်ပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရခဲ့သည့်အတွက် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်တော်က ကော်မတီတစ်ခု၏ဥက္ကဋ္ဌအဖြစ် တာဝန် ပေးအပ် နေရာပေးခဲ့ကြောင်း။

ထိုစဉ်က နိုင်ငံတော်သမ္မတဖြစ်သည့် ဦးသိန်းစိန်အနေဖြင့်လည်း တတ်နိုင်သမျှ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး ကဏ္ဍများကို ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊ သို့သော်လည်း ရင်ဆိုင်ရသည့်ပြဿနာများ ကြီးမားပါကြောင်း၊ လုံခြုံရေးအပိုင်းတွင် ရခိုင်ပြည်နယ်အရေးကိစ္စ၊ ရှမ်းပြည်(မြောက်ပိုင်း) လောက်ကိုင်အရေးကိစ္စ၊ ကချင်ပြည်နယ်တွင် လိုင်ဇာအရေးကိစ္စများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲရလဒ်ဖြင့် ပေါ်ပေါက်လာသည့် အစိုးရအပေါ် ပြည်သူလူထုအနေဖြင့် အားမလိုအားမရဖြစ်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီသည် ပြောင်းလဲချိန်တန်ပြီဆိုသည့် ကြွေးကြော်သံဖြင့် စည်းရုံးဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် NLD ပါတီအပေါ် မျှော်လင့်ခဲ့သော်လည်း ဘာသာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အလွဲအမှားများကြောင့် ဗုဒ္ဓဘာသာနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ၈၀ ရာခိုင်နှုန်းကျော်ရှိသည့် ဗုဒ္ဓဘာသာဝင်များ စိတ်နှလုံးမအေးချမ်းမှုများ ဖြစ်ခဲ့ရကြောင်း၊ သို့သော်လည်း မိမိတို့တပ်မတော်အနေဖြင့် ရွေးကောက်ပွဲရလဒ်ဖြင့် ဖြစ်ပေါ်လာသည့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပါတီခေါင်းဆောင်များက အာဏာလွှဲပြောင်းရေးကိစ္စနှင့်ပတ်သက်၍ မိမိ

> ၂၀၁၀ ပြည့်နှစ်တွင်
> အနိုင်ရခဲ့သည့် ပါတီအနေဖြင့်
> အစိုးရဖွဲ့ပြီးနောက်ပိုင်း
> ဒီမိုကရေစီစနစ်တွင်
> ပါတီစုံပါဝင်နိုင်ရေးအတွက်
> နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း
> ဥပဒေ ပုဒ်မ ၆(ဂ)ကိုပြင်ဆင်ပေးခဲ့ပြီး
> ပုဒ်မ ၁၀ (င)ကို ပယ်ဖျက်ပေးခဲ့။

နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မိမိအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီသာ ဆောင်ရွက်ရန်ပြောကြားခဲ့ကြောင်း။

သို့သော်လည်း လွှတ်တော်ကျင်းပသည့်အခါ နိုင်ငံတော်အတိုင်ပင်ခံဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၇ ၏ ပေးထားချက်အပေါ် အခြေခံပြီး နိုင်ငံတော်အတိုင်ပင်ခံ ဥပဒေကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ယင်း ဥပဒေကို ပြဋ္ဌာန်းခြင်းမပြုရန် အကြံပြုပြောကြားခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်အရ အများဆန္ဒကိုလိုက်လျောခဲ့ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံ ဥပဒေပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုခန့်အပ်၍ နိုင်ငံတော်အဆင့် ဝါစဉ် ထုတ်ပြန်သည့်အခါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့အကြားတွင် အဆင့်ထားရှိ ထုတ်ပြန်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်းသတ်မှတ်ချက်များရှိပြီးဖြစ်ကြောင်း၊ ယင်းမှာ ဥပဒေကို ကျော်လွန်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီအစိုးရတာဝန်ယူပြီး ၂ နှစ်၊ ၃ နှစ်ကြာသည့်အခါ ပြည်သူလူထုက အားမလိုအားမရဖြစ်လာသည်ကို တွေ့ရကြောင်း၊ ဒီမိုကရေစီစနစ်တွင် ငြိမ်းချမ်းရေးရရှိရန် အရေးကြီးကြောင်း၊ သမ္မတ ဦးသိန်းစိန် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ် ဩဂုတ်တွင် စတင်ဖိတ်ခေါ်ဆောင်ရွက်ခဲ့ရာ လေးနှစ်အကြာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

**ငြိမ်းချမ်းရေးတွင် ထင်သလောက်အောင်မြင်မှုမရှိ**

NLD အစိုးရသည် ငြိမ်းချမ်းရေးဆောင်ရွက်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်နက်ကိုင်တိုင်းရင်းသား တစ်ဖွဲ့ချင်းစီ၏ ဆောင်ရွက်မှု၊ သမိုင်းကြောင်း၊ အယူအဆများ မတူညီသည်ကိုတွေ့ရကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ NLD ပါတီအစိုးရ တာဝန်ယူခဲ့သည့်ကာလတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းအချို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုနှင့် ပတ်သက်၍ စိတ်ပျက်မှုများဖြစ်ပေါ်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးတွင် ထင်သလောက် အောင်မြင်မှုမရှိခဲ့ကြောင်း၊ မိမိအနေဖြင့် ငြိမ်းချမ်းရေးသည် အရေးကြီးသော်လည်း စီးပွားရေးကဏ္ဍ တိုးတက်ကောင်းမွန်ပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ပိုမိုလျင်မြန်မှုရှိလာနိုင်မည်ဖြစ်သဖြင့် စီးပွားရေးကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ NLD အစိုးရ လက်ထက်တွင် နိုင်ငံတကာအကူအညီ အထောက်အပံ့များစွာ ရရှိခဲ့ကြောင်း၊ သို့သော်လည်း ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုဘဏ္ဍာငွေနှင့် ကုန်သွယ်မှုလိုငွေများ နှစ်စဉ်ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၁၈ ခုနှစ်တွင် ပြည်သူလူထုအနေဖြင့် No Vote လှုပ်ရှားမှုများကို ဆောင်ရွက်လာသည်ကိုတွေ့ရကြောင်း၊ ဥပမာအနေဖြင့် ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ၏ ၁၄ ရာခိုင်နှုန်းသာ မဲပေးခဲ့သည်ကို တွေ့ရကြောင်း၊ အချို့မြို့နယ်များတွင် ၄ ရာခိုင်နှုန်းခန့်သာ မဲပေးခဲ့သည်များရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တပ်မိသားစုများနှင့် တွေ့ဆုံသည့်အခါတိုင်း မဲပေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ သတင်းထုတ်ပြန်၍ No Vote မလုပ်ရန် ပြည်သူလူထုအားလည်း

> **ဒီမိုကရေစီစနစ်တွင်**
> **ငြိမ်းချမ်းရေးရရှိရန် အရေးကြီး၊**
> **သမ္မတ ဦးသိန်းစိန် အစိုးရအနေဖြင့်**
> **ငြိမ်းချမ်းရေးလုပ်ငန်းများကို**
> **၂၀၁၁ ခုနှစ် ဩဂုတ်တွင်**
> **စတင်ဖိတ်ခေါ်ဆောင်ရွက်ခဲ့ရာ**
> **လေးနှစ်အကြာတွင်**
> **တိုင်းရင်းသားလက်နက်ကိုင်**
> **အဖွဲ့အစည်းများနှင့် NCA ကို**
> **လက်မှတ်ရေးထိုးနိုင်ခဲ့။**

အသိပေးခဲ့ကြောင်း။

နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့် နိုင်ငံရေး၊ တရားမျှတမှုရှိသည့် နိုင်ငံရေးကိုသာ ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် တတိယအကြိမ် NCA နှစ်ပတ်လည် အထူးအစည်းအဝေးတွင် စတင်ပြောကြားခဲ့ကြောင်း၊ နောင်ကျင်းပသည့် အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၌လည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေး၊ ရိုးသားသည့် နိုင်ငံရေး ဖြစ်စေရေး၊ နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် COVID –19 ရောဂါဖြစ်ပွားခဲ့ကြောင်း၊ COVID –19 ရောဂါကြောင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခဲ့မှုပေါ် မိမိတို့အနေဖြင့် နားလည်ကြောင်း၊ သို့သော်လည်း အာဏာရပါတီ၏ စည်းမျဉ်းစည်းကမ်း ချိုးဖောက်ပြီး မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုကို သက်ဆိုင်ရာအဖွဲ့အစည်းများက မျက်နှာသာပေးဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံရေးပါတီများကို ကန့်သတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း အချိန်တွင် အဓိကယှဉ်ပြိုင်ကြမည့် NLD ပါတီ၊ USDP ပါတီ နှင့် UDP ပါတီတို့အနက် ကိုယ်စားလှယ် ၁၁၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည့် UDP ပါတီကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်မညီသည့်အတွက် ဖျက်သိမ်းခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲတွင် ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးအတွက် လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ NLD ပါတီသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲမသမာမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ် ၃၁၅ မြို့နယ်တွင် မဲမသမာမှုဟုယူဆရသည့် အရေအတွက် ၁၀ သန်းကျော်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ မဲစာရင်း ဖောင်းပွအောင်လုပ်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့် နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေပါကြောင်း။

**ချက်ချင်းသဘောတူ**

ယင်းကိစ္စကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရှင်းလင်းပေးရန် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခဲ့ကြောင်း၊ တပ်တွင်းမဲရုံများ ပြင်ပဌာနထားရှိရန်ကိစ္စကိုလည်း မိမိအနေဖြင့် ချက်ချင်း သဘောတူခဲ့ကြောင်း၊ သို့သော်လည်း တပ်မဲရုံများပါဝင်သည့် မြို့နယ်၏ မဲစာရင်းအားကြည့်ရှုရန် တောင်းခံသည့်အခါ မပေးခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အသစ်ဖွဲ့စည်းပြီးနောက် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မြို့နယ် ၉၈ မြို့နယ်တွင် မဲစာရင်းများ စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင် မဲစာရင်းနှင့် လဝက မဲစာရင်း ၄ သန်းလောက်ကွာခြားနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူ ၁ သန်းကျော်ရှိပြီး ၉၈ မြို့နယ်အတွင်း မဲလက်မှတ်များ ရေတွက်ကြည့်ချိန်တွင် ထုတ်ယူမှု ၁၄ သန်းကျော်ရှိသော်လည်း အသုံးပြုမှု ၉ သန်းကျော်ရှိကြောင်း၊ မဲလက်မှတ် ၅ သန်းကျော် ပျောက်ဆုံးနေသည်ကိုတွေ့ရကြောင်း၊ တပ်မတော်မှတွေ့ရှိခဲ့သည့် မဲမသမာမှုနှင့် စပ်လျဉ်း၍ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ခေါ်ယူ၍ ဖြေရှင်းပေးရန် စာပို့ခဲ့သော်လည်း ဥပဒေအရ ဆောင်ရွက်၍မရဟု အကြောင်းပြခဲ့ကြောင်း၊ အဓိကမှာ လွှတ်တော် ကျင်းပမှုကိုရက်ရွှေ့ပေးရန် တတိယအဖွဲ့အစည်းတစ်ခုအပါအဝင် စစ်ဆေးရေးအဖွဲ့ဖြင့် မဲစာရင်းစစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း လက်မခံခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယာယီသမ္မတ၏ တာဝန်ပေးချက်အရ အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ အာဏာသိမ်းခြင်း မဟုတ်ကြောင်း၊ ခေတ္တတာဝန်ယူ ထိန်းသိမ်းခြင်းဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့တွင်လည်း အရပ်သားများဖြင့်သာ အများဆုံး ဖွဲ့စည်းထားကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အလားတူဖြစ်ကြောင်း၊ ခရိုင်အုပ်ချုပ်ရေး၊ မြို့နယ်အုပ်ချုပ်ရေးများတွင်လည်း အလားတူ တာဝန်ခွဲဝေပေးထားခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော်ကို ကောင်းမွန်အောင်နှင့် အာမခံချက်ပေးနိုင်အောင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း။

ဖေဖော်ဝါရီ ၃ ရက်ကစပြီး ဆန္ဒပြဖော်ထုတ်မှုများရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဆူပူမှု၊ အကြမ်းဖက်မှု၊ တိုက်ခိုက်မှု၊ လူသတ်မှု၊ လုယက်ဖျက်ဆီးမှု၊ မီးရှို့မှုများ လုပ်ဆောင်လာကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ဒီမို

ကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ကျည်အစစ်ဖြင့် ပစ်ခတ်မှုမျိုးဆောင်ရွက်ခြင်းမပြုဘဲ ရော်ဘာကျည်ဖြင့်သာ ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦးသေဆုံးပြီး ၂၆၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့သည် တိုင်းပြည်တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ထမ်းဆောင်ရင်း သေဆုံး၊ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင်ဆူပူဆန္ဒပြသူ ၂၄၈ ဦးသေဆုံးခဲ့သည့်အတွက် သေမှုသေခင်းဖွင့်လှစ်ထားကြောင်း။

ဆန္ဒပြသူများထံမှ ပစ္စတိုသေနတ်၊ ပိုက်ဖွင့်တူးတူး၊ လေသေနတ်၊ လက်ပစ်ဗုံး၊ လက်လုပ်ဗုံး၊ အခြားလက်နက်ပစ္စည်းတွေကိုသုံးလာကြောင်း၊ ယင်းကို မီဒီယာများက အဖြစ်မှန်ကို မဖော်ပြဘဲ ရိုးရိုးသားသားဆန္ဒပြမှုအဖြစ် ပုံဖော်နေကြောင်း၊ ပြည်တွင်းမီဒီယာများကို ထိန်းသိမ်းနိုင်သော်လည်း အွန်လိုင်းနှင့် နိုင်ငံတကာသတင်းများကို မထိန်းသိမ်းနိုင်ကြောင်း၊ CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့် လှုပ်ရှားမှုဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုကို Country Destroyer Movement ဟု ပြောလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာတွင်လည်း ဆန္ဒပြမှုများရှိသော်လည်း စီးပွားရေးလုပ်ငန်းများ ပျက်စီးအောင် မလုပ်ဆောင်ကြကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၌ ဆေးရုံ၊ ကျောင်း၊ လမ်း၊ ရုံးဌာနများ၊ စက်ရုံအလုပ်ရုံများ လည်ပတ်၍မရအောင် CDM ဆောင်ရွက်မှုသည် တိုင်းပြည်ပျက်စီးအောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုအားအရေးပေါ် ဆေးကုသပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးရုံများတွင် လာရောက်ကုသသူ ၁၁၀၀၀၀ ကျော်ရှိပြီး အတွင်းလူနာ ၃၅၀၀၀ ကျော်ရှိကြောင်း၊ လက်ရှိတွင် ၄၀၀၀ ကျော် ကုသပေးလျက်ရှိပြီး မွေးလူနာ ၆၉၀၀ ကျော်ကိုလည်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ပါက တိုင်းပြည်အတွက် များစွာနစ်နာပါကြောင်း၊ ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ဆက်တွင် ဝန်ထမ်းများ



ကြား NGO ၊ INGO များက စည်းကမ်းမဲ့ ဒီမိုကရေစီပုံစံများဖြစ်အောင် ရိုက်သွင်းခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်သူ များအနေဖြင့် ထဘီများတွင် ဘုန်းတော်ကြီးပုံများချိတ်ဆွဲဆောင်ရွက်မှုများသည် သာသနာတော်အပေါ် စော်ကားခြင်း ဖြစ်ကြောင်း၊ ဆေးရုံများ ပိတ်ထားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရကြောင်း၊ ယင်းကို တပ်မတော်အနေဖြင့် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် နာဂဒေသသို့ သမ္မတဦးသိန်းစိန်နှင့် ရောက်ရှိခဲ့စဉ်က နာဂဒေသ၌ ဆရာဝန်များလိုအပ်ချက်များရှိကြောင်း သိရသဖြင့် တပ်မတော်အနေဖြင့် ဆရာဝန်အရာရှိ ၄၄ ယောက် စေလွှတ်ပေးခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး တန်းစဉ် ကူးပြောင်းမှုများကိုကြည့်သည့်အခါ ၁၉၉၇ ခုနှစ်တွင် ၁၅၉၂၁၁၉ ဦး ကျောင်းနေခဲ့သော်လည်း ၅ တန်းတက်သည့်အချိန်တွင် ၃၄ ဒသမ ၇၁ ရာခိုင်နှုန်းသာ တက်ရောက်နိုင်ခဲ့ကြောင်း၊ ၆၅ ရာခိုင်နှုန်းမှာ ၅ တန်းတွင်သာရပ်သွားပြီး ဆယ်တန်းရောက်ချိန်တွင်၁၇ ရာခိုင်နှုန်းကျော်သာ ကျန်ရှိတော့ပါကြောင်း။

**ပြန်လည်ဆန်းစစ်ရန်လို**

ပညာရေးစနစ်၌ တန်းစဉ်ကူးပြောင်းမှု၊ အတန်းပညာတတ်မြောက်မှု များစွာနည်းပါးသည်ကို တွေ့ရကြောင်း၊ အခြေခံပညာအထက်တန်း စာမေးပွဲ အောင်မြင်မှုမှာလည်း ရာခိုင်နှုန်းများစွာနည်းပါကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်မှု နည်းပါးရခြင်းမှာ ယခင် နဝမတန်း သင်ခန်းစာများကို တတ်မြောက်ခဲ့မှု နည်းပါးခဲ့၍ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့် စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နိုင်ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့် ပတ်သက်ပြီး အမှန်တကယ် စာတတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန် ဆရာ၊ ဆရာမများကို အရည်အချင်းနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆရာဝန်များလည်း အလားတူဖြစ်ပါကြောင်း၊ ဝန်ထမ်းများကိုလည်း သင့်လျော်သည့် ခံစားခွင့်ရအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်း အတတ်နိုင်ဆုံးချွေတာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် အရေးကြီးသည့် ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေး ကဏ္ဍများတွင် လုံလောက်သော ငွေကြေး သုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူချိန်၌ ရှေ့တွင်တာဝန်ယူခဲ့သည့် ဒီမိုကရေစီအစိုးရနှစ်ရပ် ဆောင်ရွက်ခဲ့သည်ကို သင်ခန်းစာယူပြီး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မဲအောင်နိုင်မှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ လုပ်ငန်းရှင်များကလည်း အာဏာရှိသည့်သူများကို ချဉ်းကပ်ရာတွင် အဂတိနှင့် ငြိစွန်းနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအနေဖြင့် ကိုယ့်ကိုယ်ကိုယ် အလိုမလိုက်စေချင်ကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်စေလိုကြောင်း၊ ရောင့်ရဲ တင်းတိမ်စိတ်နှင့် ဆောင်ရွက်ရန်လိုကြောင်း။

တစ်နိုင်ငံလုံး လူမှုစီးပွားဘဝ မြင့်တက်လာစေရေးအတွက် ဆင်းရဲချမ်းသာ ကွာဟမှုလျှော့ချရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှု ညီမျှအောင် ဆောင်ရွက်ရန်၊ မြို့ပြနှင့် ကျေးလက် ကွာဟမှု လျှော့ချရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အဓိကလိုအပ်ချက် ၄ ချက်ရှိကြောင်း၊ ၎င်းတို့မှာ လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရေးနှင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေရေးတို့ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ပိတ်ထားသည့် ဆေးရုံများနှင့် စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတကာနယ်ပယ်တွင်လည်း ဝင်ဆံ့မည်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရသူများဖြစ်သဖြင့် ၎င်းလုပ်ငန်းများကို တိုးတက်အောင် အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း။

မြေပေါ်မြေအောက် သဘာဝသယံဇာတများ

ထုတ်ယူရောင်းချမှုကို ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ သစ်တောများ စိမ်းလန်းစိုပြည်စေရေးအတွက် တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် သစ်တောများ စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် သဘာဝ သယံဇာတပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန် အချောထည်များအဖြစ်သာ တင်ပို့ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဆိုလာနည်းပညာဖြင့် လျှပ်စစ်ထုတ်ယူနိုင်ရေးကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်သူများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များတစ်ခုစီသာရှိသဖြင့် ကောလိပ်များ၊ သိပ္ပံကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်သူလူထု၏ အကျိုးစီးပွားကို မိမိတို့ အနေဖြင့် ဖော်ဆောင်ပေးနိုင်မှသာ ပြည်သူလူထုက မိမိတို့အစိုးရအဖွဲ့ကို ယုံကြည်လာမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုအား ဒီမိုကရေစီ အသိအမြင်နှင့် ဖက်ဒရယ်အသိအမြင်ရှိအောင် တာဝန်ရှိသူများအနေဖြင့် ရှင်းလင်း ပြောကြားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ခံ၍ မရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အသိအမြင်ရှိရေးတို့ကို မိမိတို့တာဝန်ယူသည့် ကာလအတွင်း ဆောင်ရွက်နိုင်မှသာ မှတ်ကျောက်တင်ခံရမည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာရှင်များ၊ စီးပွားရေးအသိပညာရှင်များ ပိုမိုများပြားလာစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်အဆင့်အလိုက် ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့ သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများဖြင့်သာ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံအားလုံးသည် မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ သို့သော် အချို့သောနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများရှိ၍ နိုင်ငံတကာဆက်ဆံရေးအား သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား

( ၆-၄-၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၆ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား နေပြည်တော်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နေပြည်တော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ကချင်ပြည်နယ် စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကယားပြည်နယ် စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ကရင် ပြည် နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ချင်း ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တနင်္သာရီတိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ ပဲခူးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ရခိုင်ပြည်နယ် စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်း ထွန်းဝင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်

ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တားသိန်းဇော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**Covid-19 ကာကွယ်ဆေး အမြန်ဆုံး ထိုးနှံနိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများတွင် ရောက်ရှိပြီးဖြစ်သည့် COVID -19 ကာကွယ်ဆေးများ ပြည်သူများအား အမြန်ဆုံးထိုးနှံနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ CDM ပြုလုပ်မှုများကြောင့် ကျန်းမာရေး ဝန်ထမ်းလိုအပ်လျက်ရှိသည့် ဒေသများတွင် နယ်မြေခံတပ်များမှ ဆေးမှူးများ၊ သူနာပြုများနှင့်ပေါင်းစပ်၍ ပြည်သူများ COVID-19 ကာကွယ်ဆေး ထိုးနှံနိုင်ရန်အတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် COVID-19 ကြောင့် သေဆုံးမှုနှုန်း လျော့နည်းမှုမရှိသေးကြောင်း၊ မိမိတို့နိုင်ငံတွင် ရောဂါကူးစက်မှုနှုန်းနှင့်သေဆုံးမှု လျော့နည်းလာသော်လည်း မပေါ့ဆရန်နှင့် ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ COVID-19 ကာကွယ်ဆေးထိုးထားသော်လည်း ရောဂါ ကူးစက်နိုင်သေးသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နှစ်သစ်ကူး ကာလမတိုင်မီ COVID-19 ရောဂါ ကာကွယ်ဆေးအလုံးရေ ငါးသိန်း ဆက်လက်ထိုးနှံရန် ရှိကြောင်း။

ပြည်သူများစီးပွားရေးကောင်းမွန်မှသာ စိတ်ချမ်းသာစွာဖြင့် နေထိုင်နိုင်ကြမည်ဖြစ်ကြောင်း၊ ပြည်သူများ ဝင်ငွေရရှိစေရန် စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းများ ပြန်လည်လည်ပတ်ရန်လိုသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ COVID-19 ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်မှုများဖြစ်ပေါ်နေချိန်တွင် ဆူပူမှုများကြောင့် စီးပွားရေးထိခိုက်မှုများမရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ စီးပွားရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက် အေးချမ်းမည်ဖြစ်ကြောင်း။

> **ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း ကောက်ခံထားသည့် စာရင်းများအရ လုံးဝကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းရှိ၊ အဆိုပါ ကျောင်းမနေဖူးသူများသည် ပြည်နယ်များမှ အများဆုံးဖြစ်။**

**ကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းရှိ**

ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး မိမိတို့ နိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း ကောက်ခံထားသည့် စာရင်းများအရ လုံးဝကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းရှိကြောင်း၊ အဆိုပါ ကျောင်းမနေဖူးသူများသည် ပြည်နယ်များမှ အများဆုံးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ ပြည်သူပြည်သားများ ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာသင်ကြားရေးသည် လူမှုရေးကိစ္စဖြစ်ပြီး ပြည်သူများ စာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်းများပြုလုပ်ပေးရန်လိုကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ရဟန်းသံဃာတော်များအနေဖြင့် ဘာသာရေးနှင့်ပတ်သက်၍ စိတ်မချမ်းမြေ့မှုများဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ ရဟန်းသံဃာများ စိတ်လက်ချမ်းသာစွာ ဘာသာရေးဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့

**စီးပွားရေးနှင့်ပတ်သက်၍ One Village၊ One Product ဆိုသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးမီစွာဖြင့် ထုတ်လုပ်စေလိုကြောင်း။**

နိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်မှု ၈၇ ရာခိုင်နှုန်းရှိပြီး ဂုဏ်ထူး ဝိသေသနှင့်လျော်ညီသည့် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံ တစ်ခုဖြစ်ကြောင်း၊ အခြားဘာသာဝင်များကိုလည်း စိတ်ချမ်းမြေ့စွာဖြင့် သက်ဆိုင်ရာဘာသာရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ အခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစုသည် ယဉ်ကျေးမှု များပျက်ပြားလာပြီး မိမိ၏မိဘကိုပင် စွန့်လွှတ်ခြင်း၊ ဘုန်းတော်ကြီးများနှင့် ဆရာ၊ ဆရာမများကို ရိုင်းစိုင်းစွာ စော်ကားခြင်းများအထိ ပြုလုပ်လာသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံရှိ လူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ယဉ် ကျေးလိမ္မာမှုရှိစေရေး ပြန်လည်တည့်မတ်ပေးရန်လိုကြောင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA)မှလည်း လူငယ်များ ယဉ်ကျေးလိမ္မာရေးနှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာပညာရပ်များ တတ်ကျွမ်းစေရေးအတွက် လည်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ ဘာသာတရားများနှင့်အညီ ယဉ်ကျေးလိမ္မာ မှုရှိစေရေး တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုကြောင်း။

### ငွေကြေးတန်ဖိုးကျဆင်းနေ

နိုင်ငံစီးပွားရေးကောင်းမွန်မှသာ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ခိုင်မာလာမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု လိုငွေပြနေခြင်းများကြောင့် ယခုအခါ မိမိတို့ငွေကြေး တန်ဖိုးကျဆင်းနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံစီးပွား တိုးတက်ကောင်းမွန်ရေးအတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်၍ ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပ နိုင်ငံများသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသများနှင့် ကိုက်ညီသည့် ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် ကုန်သွယ်မှုတိုးတက် လာမည်ဖြစ်ကြောင်း၊ သယံဇာတများထုတ်ယူသုံးစွဲခြင်း ထက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပနိုင်ငံ များသို့တင်ပို့၍ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက် ရန်လိုကြောင်း၊ အလားတူသမဝါယမလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ အခြားနိုင်ငံများတွင်လည်း သမဝါယမစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင် စွာဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ် သည့် မြေခံ၊ ရေခံနှင့် လူ့စွမ်းအားအရင်းအမြစ်များအား အသုံးချရန်လိုကြောင်း၊ အခြေခံလူတန်းစားများ အလုပ် အကိုင်ရရှိအောင် ဆောင်ရွက်ပေးပြီး စီးပွားရေးတိုးတက် အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မူဝါဒများ ချမှတ်ပေးမည်သာဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိ သူများက ဆက်လက်ဆောင်ရွက်ရန် လိုကြောင်း မှာကြား သည်။

ထို့နောက် တက်ရောက်လာကြသည့် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့တိုင်းဒေသ ကြီးနှင့် ပြည်နယ်များအတွင်း ဆူပူဆန္ဒပြမှုများ ဖြစ်ပွား ခဲ့မှုနှင့်ဆူပူမှုများလျော့နည်းလာမှု၊ ကျန်းမာရေးဝန်ထမ်း အချို့ CDM ပြုလုပ်မှုကြောင့် ပြည်သူများ ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်မှု အခက်အခဲဖြစ်ပေါ်ခဲ့သဖြင့် နယ်မြေခံ တပ်မတော်ဆေးရုံများမှ ဆေးမှူးများ၊ သူနာပြု များဖြင့် ပူးပေါင်း၍ပြည်သူများကျန်းမာရေးစောင့်ရှောက် မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ပိတ်ထားသည့် ဆေးရုံအချို့ပြန်လည် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု၊ ပြည်သူများ၏ကျန်းမာရေး၊ အုပ်ချုပ်ရေးနှင့် ဘာသာရေး ဆိုင်ရာများ ဆောင်ရွက်ပေးနေမှု၊ ဘဏ်များဖွင့်လှစ်နေ

မှု၊ COVID-19 ရောဂါကာကွယ်ရေးဆောင်ရွက်နေမှု၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နယ်စပ်ဒေသ ကုန်သွယ်ရေးဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်နေမှု၊ ပြည်သူများ မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးနေမှု၊ စက်ရုံအလုပ်ရုံ အနည်းငယ်မှအပ ကျန်သည့်စက်ရုံအလုပ်ရုံများ ပြန်လည် လည်ပတ်နေမှု၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးနေမှုနှင့် နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မပြု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုဗစ်ကာလဖြစ်သည့်အတွက် သင်္ကြန်ပွဲတော်နှင့်ပတ်သက်ပြီး သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မပြုဘဲ စည်းကမ်းများနှင့်အညီ ရေပက်ကစားခြင်းအား ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အားကစားပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြင်ပအားကစားပွဲများ ကျင်းပပြုလုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်မြင့်မားမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ One Village ၊ One Product ဆိုသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများအားအရည်အသွေးမီစွာဖြင့်ထုတ်လုပ်စေလိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ပါက ခရီးသွားလုပ်ငန်းများနှင့် ပြည်ပပို့ကုန်များ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးရေးဇုန်နှင့် စက်မှုဇုန်များ ဖွင့်လှစ်၍ လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက် စစ်ဆင်မှုနှင့် ပစ်ခတ်မှု လေ့ကျင့်ဆောင်ရွက်သည့်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၀-၄-၂၀၂၁ )




တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော်(ကြည်း၊ ရေ၊ လေ) လေ့ကျင့်ခန်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း ဧပြီလ ၂ ရက်မှစ၍ မြန်မာ့ရေပြင်ပိုင်နက် ဘင်္ဂလားပင်လယ်အော်အတွင်း တပ်မတော်(ရေ)မှ ရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲသိင်္ခသူ) အပါအဝင် စစ်ရေယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (Three–Dimensional Naval Exercise–Sea Shield 2020) အား လေ့ကျင့်ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများအား ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းဆောင်ရွက်နေသည့် စစ်ရေယာဉ်များအား ကြည့်ရှုစစ်ဆေးရန် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ ရဟတ်ယာဉ်ဖြင့် ဆင်းသက်ရောက်ရှိ ခဲ့ရာ Three–Dimensional Naval Exercise–Sea Shield 2020 အား လေ့ကျင့်လျက်ရှိသည့် လေ့ကျင့်ခန်းကြီးကြပ်ရေးမှူး(Officer Scheduling Exercise–OSE) ဗိုလ်ချုပ် ထိန်ဝင်း၊ တာဝန် ရေတပ်မမှူး ဗိုလ်မှူးကြီး တက်လွင်ထွန်းနှင့် လေ့ကျင့်ခန်းတွင် ပါဝင်သည့် အရာရှိကြီးများက ကြိုဆိုခဲ့ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်ကာကွယ်ရေး

ဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်အတိုင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက် စစ်ဆင်မှုနှင့် ပစ်ခတ်မှု လေ့ကျင့်ခန်း (Sea Shield –2020)ကို လေ့ကျင့်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရေပြင်သွားစစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောနှင့် ရဟတ်ယာဉ်တို့အပါအဝင် စစ်မျက်နှာသုံးဖက်မှစစ်ဆင်ခြင်း (Three–Dimensional Operation) လေ့ကျင့်ခဲ့မှုအခြေအနေအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တာဝန်ရေတပ်မမှူးက လေ့ကျင့်ခန်း လက်တွေ့ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုပြုလုပ်သည့် လေ့ကျင့်ခန်းသည် ပစ်ခတ်မှုလေ့ကျင့်ခန်းဖြစ်သဖြင့် ပစ်မှတ်များကို တိကျစွာထိမှန်အောင် အလေးထားလေ့ကျင့်ဆောင်ရွက်ပြီး သင်ခန်းစာဖော်ထုတ်ရန် လိုအပ်သည့်အခြေအနေများနှင့် လေ့ကျင့်ရေးဆိုင်ရာများလုပ်ဆောင်ရာတွင် သတင်းအချက်အလက်စုံလင်စွာရယူခြင်း၊ ပိတ်ဆို့ခြင်း၊ တားဆီးခြင်း၊ ချေမှုန်းခြင်းတို့ကိုကျယ်ကျယ်ပြန့်ပြန့်စဉ်းစားလုပ်ဆောင်ရန်အရေးကြီးသည့် အခြေအနေများနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေး ပြောကြားသည်။

> **တပ်မတော်(ရေ)ကို**
> **ယခင်က ဖရီးဂိတ်စစ်ရေယာဉ် မေယုဖြင့်**
> **စတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍**
> **အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ကာ**
> **အမြန်သွားတိုက်ရေယာဉ်၊**
> **အမြောက်တင်ရေယာဉ်**
> **စသည်တို့မှတစ်ဆင့်**
> **ကိုယ်ပိုင်စစ်ရေယာဉ်များ**
> **ထုတ်လုပ်နိုင်သည်အထိ**
> **တိုးတက်အောင်**
> **လုပ်ဆောင်နိုင်ခဲ့။**

**ဆက်သွယ်ဆောင်ရွက်ခဲ့**

ထို့နောက် လေ့ကျင့်ခန်းမစတင်မီ စစ်ရေယာဉ်များ ပစ်မှတ်ရှိရာသို့ ခုတ်မောင်းနေစဉ် လေ့ကျင့်ခန်းဧရိယာအတွင်း နိုင်ငံခြားကုန်သွယ်ရေးရေယာဉ်တစ်စီးအား တွေ့ရှိသဖြင့် စစ်ရေယာဉ်(မုတ္တမ) မှ ROE အရ ရေယာဉ်ဆိုင်ရာအချက်အလက်များ မေးမြန်းခြင်းနှင့် လေ့ကျင့်ခန်းဧရိယာမှ ရှောင်ရှားထွက်ခွာနိုင်ရန် ဆက်သွယ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး လေ့ကျင့်ခန်းအစီအစဉ်အတိုင်း စစ်ရေယာဉ် ၁၀ စီးမှ ရေပြင်ပစ်မှတ်၊ ဝေဟင်ပစ်မှတ်များအား အမြောက်ကြီးများ၊ စက်အမြောက်များဖြင့်လည်းကောင်း၊ ရေအောက်ပစ်မှတ်များအား Torpedo များဖြင့်လည်းကောင်း လက်တွေ့ပစ်ခတ်လေ့ကျင့်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်(မုတ္တမ)ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လေ့ကျင့်ခန်းတွင်ပါဝင်သည့် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲသိင်္ခသူ)၊ စစ်ရေယာဉ်များနှင့် တပ်မတော် (လေ)မှ ရဟတ်ယာဉ်များက Single Line Formation ဖြင့် ပုံပြချီတက်ကာ မြန်မာ့ပင်လယ် ဒို့ကာကွယ်ဆိုသည့်ဆောင်ပုဒ်ကို အားမာန်အပြည့်ဖြင့် ဟစ်ကြွေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်ခုတ်မောင်း အလေးပြုကြသည်။

**ခုနစ်ကြိမ်ရှိပြီဖြစ်**

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင်ပါဝင်သည့် တာဝန်ရေတပ်မမှူးနှင့် အရာရှိ၊ စစ်သည်များကို စစ်ရေယာဉ်(မုတ္တမ)ပေါ်၌ အမှာစကားပြောကြားရာတွင် Sea Shield လေ့ကျင့်ခန်းကို ၂၀၁၄ ခုနှစ်တွင် စတင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၇ ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်လုပ်ဆောင်ခဲ့သည့် အတွေ့ အကြုံများကိုယူ၍ ယခုလေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် ကြည့်မည်ဆိုပါက ပုံမှန်လေ့ကျင့်ခန်းတစ်ခု ဖြစ်သော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် လေ့ကျင့်မှုတစ်ခုပင်





ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရေပိုင်နက်သည် အလွန် ကျယ်ပြန့်ပြီး ကမ်းရိုးတန်းအရှည် ရေမိုင် ၁၃၀၀ ခန့် ရှည်လျားကာ ရေပြင်ဧရိယာစတုရန်းရေမိုင် ၁၄၄၀၀၀ ကျော်ကျယ်ဝန်းသဖြင့် ရေပိုင်နက်ဧရိယာကို လုံခြုံအောင် ကာကွယ်နိုင်ရေးတွင် တပ်မတော်(ရေ)၏ အခန်းကဏ္ဍ သည် အလွန်အရေးကြီးကြောင်း၊ ရေတပ်တွင် လေ့ကျင့် ရေးနှင့်ပတ်သက်ပါက ပစ်မှတ်ထိမှန်ရန် အဓိကအရေး ကြီးပြီး ရေကြောင်းစစ်ဆင်ရေးတိုက်ပွဲများတွင် စစ်ရေ ယာဉ်တစ်စီး ထိမှန်ပျက်စီးပါက ဆုံးရှုံးမှုအလွန်ကြီးမား ပြီး တိုက်စွမ်းရည်ကို များစွာထိခိုက်စေနိုင်သည်ကို သတိ ပြုရမည်ဖြစ်ကြောင်း၊ "ပစ်လျှင်ထိရမည်၊ ထိအောင်လည်း လေ့ကျင့်ရမည်" ဆိုသည့် လေ့ကျင့်ရေးမူဝါဒအတိုင်း ပစ် မှတ်ထိမှန်အောင် စနစ်တကျလေ့ကျင့် ဆောင်ရွက် ကြရန်လိုကြောင်း၊ ယခုလေ့ကျင့်ခန်းတွင် Area Target ကို ပစ်ခတ်ခြင်းဖြစ်သဖြင့် သတ်မှတ်ထားသည့် ဧရိယာ အတွင်း၊ ဘောင်အတွင်းသို့ ကျရောက်အောင် လေ့ကျင့် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို ယခင်က ဖရီးဂိတ်စစ်ရေ ယာဉ် မေယုဖြင့် စတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ကာ အမြန်သွား တိုက်ရေယာဉ်၊ အမြောက်တင်ရေယာဉ် စသည်တို့မှ တစ်ဆင့် ကိုယ်ပိုင်စစ်ရေယာဉ်များ ထုတ်လုပ်နိုင်သည် အထိ တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ စစ် ရေယာဉ်များကို ကိုယ်တိုင် ထုတ်လုပ်ခြင်းအားဖြင့် အရေအတွက်တိုးပွားလာမည်ဖြစ်ပြီး Calibre လည်း များစွာ တိုးတက်မြင့်မားလာသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ ကိုယ်တိုင်ထုတ်လုပ်နိုင်ရုံနှင့်မရဘဲ လက်နက်စနစ်၊ လက်နက်ကျွမ်းကျင်မှု၊ ကြံ့ခိုင်မှုရှိအောင် လည်း လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခင် က မိမိတို့နိုင်ငံ ရေပိုင်နက်အတွင်း ပြည်တွင်း၊ ပြည်ပမှ တရားမဝင် ရေပေါ်၊ ရေအောက် သယံဇာတ ခိုးထုတ်ယူ မှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် ရေသယံဇာတများကို တိုင်းပြည်က အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးနှင့် ရေပြင်ပိုင်နက် နယ်နိမိတ်ကို ကာကွယ်နိုင်ရန် တပ်မတော်(ရေ)ကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

## အမြဲအသင့်ဖြစ်အောင် ပြင်ဆင်ထား

ကာကွယ်ရေး ဆောင်ရွက်ရုံသာမက HADR လုပ် ငန်းများ၊ သဘာဝဘေးဒဏ်ကြောင့် ပင်လယ်ပြင်အတွင်း အရပ်ဘက်ရေယာဉ်များ ရေဝင်နစ်မြုပ်ခြင်း၊ မီးလောင် ခြင်း၊ ဘေးဒုက္ခအမျိုးမျိုး ကြုံတွေ့ရခြင်း စသည်တို့အတွက် လူသားချင်းစာနာ အကူအညီပေးရေးဆိုင်ရာ ကူညီကယ် ဆယ်ရေးလုပ်ငန်းများ Humanitarian Assistance Disaster Response(HADR)ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် အမြဲအသင့်ဖြစ်အောင် ပြင် ဆင်ထားရမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလနှင့် မတ်လ အတွင်း မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ စစ်ရေယာဉ် များစေလွှတ်ပြီး ဒုက္ခကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၁၅၆ ဦးကို အောင်မြင်စွာ သွားရောက်ခေါ်ဆောင်နိုင် ခဲ့ကြောင်း၊ အဆိုပါဆောင်ရွက်မှုသည်ပြည်ပတွင်အကြောင်း အမျိုးမျိုးကြောင့် အတိဒုက္ခခံစားနေကြရသည့် မိမိနိုင်ငံ သားများကို ကယ်ထုတ်လာနိုင်ခြင်းလည်း ဖြစ်သကဲ့သို့





HADR လုပ်ငန်းများကို လုပ်ဆောင်နိုင်စွမ်းရှိသည်ကို ပြသနိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

ယခု လေ့ကျင့်ဆောင်ရွက်ခဲ့သည့် လေ့ကျင့်ခန်းသည် ကောင်းမွန်သည့် လေ့ကျင့်ခန်းတစ်ခုဖြစ်ပြီး ဝေဟင်၊ ရေပြင်နှင့် ရေအောက်မှ ခြိမ်းခြောက် တိုက်ခိုက်လာသည့် ရန်သူကို တန်ပြန်တိုက်ခိုက်ချေမှုန်းနိုင်ရေးလေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လေ့ကျင့်ခန်းပြုလုပ်သည့် အဆင့်မှသည် တိုက်ပွဲဝင်အသင့်စစ်ဆင်နိုင်စွမ်းရှိသည့် အဆင့်(Drill to Action) သို့ ရောက်ရှိရေး ဦးတည်လေ့ကျင့်ရမည်ဖြစ်ပြီး လေ့ကျင့်ခန်းနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ် သုံးသပ်ရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက် စုဆောင်းမှုနှင့် ပတ်သက်၍ မိမိတို့ရရှိထားသည့် အချက်အလက်များသည် မှန်ကန်ရန်လိုအပ်မည်ဖြစ်ပြီး မှန်ကန်သည့် အချက်အလက်များရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လုပ်ဆောင်သွားကြရမည်**

လေ့ကျင့်ခန်းကို အောင်မြင်အောင်နှင့် အကျိုးသက်ရောက်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည့်အတွက် လေ့ကျင့်ခန်းတွင် ပါဝင်သည့် အရာရှိ၊ စစ်သည်များ အားလုံး၏ လုပ်ဆောင်မှုများကို အားရကျေနပ်မှုရှိပါကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ခန်းများကို တိုင်းပြည်၏ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ပြီး တိုင်းပြည်အတွက်အကျိုးရှိအောင် လုပ်ဆောင်ကြရန်နှင့် မိမိတာဝန်ကို မှန်မှန်ကန်ကန်နှင့် ကျေပွန်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

■ ■ ■

# ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၀-၄-၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်၊ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်က ဧရာဝတီတိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများနှင့် ဒေသဆိုင်ရာ အထွေထွေ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**ပထမဆုံးအကြိမ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဝတီ တိုင်းဒေသကြီးအတွင်းရှိ အရပ်ဘက် အဖွဲ့အစည်းများကို ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းသည့် တိုင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ စပါးကျီများအနက် တစ်ခုဖြစ်ကြောင်း ဦးစွာ ပြောကြားသည်။

ထို့နောက် ပါတီစုံဒီမိုကရေစီစနစ်ပုံဖော်ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် ယခင် တပ်မတော်အစိုးရလက်ထက် တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီမကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကိုလေ့လာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့ လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ဒီမိုကရေစီကူးပြောင်းမှုသက်တမ်း ၁၀ နှစ်ရှိပြီဖြစ်ပြီး ဒီမိုကရေစီစနစ်တွင် ရွေးကောက်တင်မြှောက်ခြင်းသည် အနှစ်သာရပင်ဖြစ်ကြောင်း၊ မိမိတို့ ငယ်စဉ်က အတန်းပညာ သင်ကြားစဉ်ကတည်းကပင် အတန်းခေါင်းဆောင် ရွေးချယ်ခန့်ထားရာ၌ အများ၏ ဆန္ဒဖြင့် ရွေးချယ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်ခြင်းသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များကိုရွေးကောက်ခြင်းဖြစ်သဖြင့် ပိုမိုအရေးကြီးပါကြောင်း၊ ပြန်ပြောင်းစဉ်းစားကြည့်မည်ဆိုပါက ပထမအကြိမ် ဒီမိုကရေစီအစိုးရသက်တမ်းတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများရှိအောင် လုပ်ဆောင်နိုင်ခဲ့သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းများတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်သည်အထိ လုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ဒီမိုကရေစီပထမသက်တမ်းကာလ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးအကျပ်အတည်းများ၊ ပြင်ပနိုင်ငံများ၏ ဖိအားပေးမှုများနှင့် လက်နက်ကိုင် ပဋိပက္ခများအကြား ခက်ခက်ခဲခဲဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်သူလူထုက အားမလို အားမရ ဖြစ်နေချိန်၌ NLD ပါတီအနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရရှိစေရေး ပြောင်းလဲချိန်တန်ပြီဟူသော စာသားဖြင့် မက်လုံးပေးအာမခံချက်များဖြင့် မဲဆွယ်စည်းရုံးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ NLD ပါတီ အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ရာတွင် မဲဆွယ်စည်းရုံးစဉ်ပြောကြားချက်များ၊ ကတိ၊ ကဝတ်များကို အကောင်အထည်ဖော်ဆောင်မှု မရှိသည့်အပြင် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သည့် ဥပဒေများကို ပြင်ဆင်မှုများ၊ ပယ်ဖျက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်၊ အမျိုးသားရေးစရိုက်လက္ခဏာတို့ကိုပါ ထိပါးစေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်လာခဲ့ကြောင်း၊ ထို့သို့ လုပ်ဆောင်မှုများကြောင့် ပြည်သူလူထုအနေဖြင့် ရွေးကောက်တင်မြှောက်သည့် အစိုးရအပေါ် ယုံကြည်မှုနည်းပါးလာပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်

**၂၀၁၀ ပြည့်နှစ်**
**ပါတီစုံ ဒီမိုကရေစီ**
**အထွေထွေရွေးကောက်ပွဲကြီးကို**
**ဒီမိုကရေစီနည်းလမ်းကျစွာဖြင့်**
**အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့၊**
**ဒီမိုကရေစီကူးပြောင်းမှုသက်တမ်း**
**၁၀ နှစ်ရှိပြီဖြစ်ပြီး**
**ဒီမိုကရေစီစနစ်တွင်**
**ရွေးကောက်တင်မြှောက်ခြင်းသည်**
**အနှစ်သာရပင်ဖြစ်။**

မြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲ လုပ်သည့်အခါတွင် ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာ ရှိသည်ကိုတွေ့ရှိရပြီး လူဦးရေ ၁၀၀ ဦးလျှင် ၁၄ ဦးခန့်သာ မဲပေးခဲ့သည်ကို တွေ့ရှိကြောင်း။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အနှစ်သာရတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ၏ ၇၂ ရာခိုင်နှုန်းမဲပေးခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကိုတွေ့ရကြောင်း၊ သို့သော်လည်း အထက်ပါဖြစ်စဉ် ဖြစ်ရပ်များကြောင့် No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကိုတွေ့ရှိရသောကြောင့် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် ဆန္ဒမဲများပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ပြောကြားရာတွင် NLD အစိုးရအနေဖြင့် ရွေးကောက်ပွဲမတိုင်မီ ဖြစ်ပေါ်နေသည့် No Vote လှုပ်ရှားမှုများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီရွေးကောက်ပွဲ အတွေ့အကြုံများအရ ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲမတိုင်မီ ပါတီများ၏ မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုများတွင်လည်း အမိန့်အမျိုးမျိုးထုတ်ပြန်ခဲ့ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ချိန်တွင် တပ်မတော်သားများ အနေဖြင့် ပြည်သူလူထုနှင့်အတူ မဲပေးခဲ့ကြကြောင်း၊ ရွေးကောက်ပွဲရလဒ်များ ကြေညာသည့်အချိန်တွင် မသင်္ကာဖွယ်ရာ မဲရလဒ်များထွက်ပေါ် လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်မှ မဲစာရင်းများအား စိစစ်ဆောင်ရွက်ခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းများ တွေ့ရှိရပြီး သတင်းများထုတ်ပြန်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ပင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁ သန်း ၂ သိန်းကျော်ကိုတွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ မဲစာရင်းများ ကြီးမားစွာ ကွဲလွဲနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန် ရှိသူ အဖွဲ့အစည်းအဆင့်ဆင့်သို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏တာဝန်များကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်၏ အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေခြင်းသာ ဖြစ်သဖြင့် နိုင်ငံတော်၏ တည်ဆဲဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်အတိုင်းသာ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းရာတွင် တပ်ဘက်၊ အရပ်ဘက် မျှတအောင်ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အုပ်ချုပ်ရေးကောင်စီများဖွဲ့စည်းရာတွင် အရပ်သားများဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကိုသာ ဆက်လက်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၉ ရပ်ချမှတ်၍ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း။

ဆက်လက်ပြီး ပညာရေး၊ စီးပွားရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံ၏စပါးကျီများအနက် တစ်ခုဖြစ်ပြီး GDP လည်းအများဆုံးဖြစ်သည်ကို ကျေနပ်နေ၍ မရဘဲ ပိုကောင်းအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ဆောင်ကြသဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တို့ကို ရေရှည်စီမံကိန်းဖြင့် လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အောင်မြင်စေရန် မြေ၊ ရေ၊ နည်း၊ မျိုး တို့ကို ကောင်းမွန်

အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ ဝေမျှပေးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့်၊ ကျန်းမာသန့်ရှင်းသည့် မွေးမြူရေးစနစ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ဖြစ်ပြီး ရောဝတီတိုင်းဒေသကြီးရှိ ပြည်သူလူထု၏ သက်တမ်းသည် ကျေးလက်နေသူများ၌ ၆၇ ဖြစ်ပြီး မြို့ပြနေသူများ၌ ၆၇ ဒသမ ၅ ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကျန်းမာရေးတွင် မပြည့်စုံပါက ချမ်းသာမှုကို ဖြစ်ပေါ်စေနိုင်မည်မဟုတ်သည့်အတွက် ကျန်းမာကြံ့ခိုင်နေထိုင်နိုင်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့်လက်တွဲပြီး စည်းကမ်းနှင့်အညီ လုပ်ဆောင်ကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပုံမှန်အတိုင်းပြန်လည်တည့်မတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ပုသိမ်စက်မှုမြို့တော် စီမံကိန်းသို့ သွားရောက်ကြည့်ရှုရာ စီမံကိန်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ တိုင်းဒေသကြီးမှ ထွက်ရှိသည့် သီးနှံထုတ်ကုန်များမှ ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက် ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်စက်ရုံများအား ဦးစားပေးတည်ဆောက်၍ ကုန်ထုတ်လုပ်မှုအား Semi Product ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် COVID-19 သတ်မှတ်စည်းကမ်းများနှင့် အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၀-၄-၂၀၂၁ )





တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်အရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ တွင်ပါဝင်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ပေးနေသည့် အဖွဲ့ အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေး ရခဲ့သည်မှ ယနေ့အချိန်အထိ တပ်မတော်က နိုင်ငံတော် ကို လွတ်လပ်ရေးရရှိအောင်နှင့် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခဲ့ရသဖြင့် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော် ၏သမိုင်းကို ခွဲခြား၍မရကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေး ဦးဆောင် မှု အခန်းကဏ္ဍသည် နိုင်ငံတော်ကပေးအပ်ထားသော နိုင်ငံရေးအမွေပင်ဖြစ်ကြောင်း၊ ပထမအကြိမ် လွှတ်တော် သက်တမ်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သဘော တူညီချက်ဖြင့် နိုင်ငံတော်သမ္မတက နိုင်ငံတော်ပြန်တမ်း ဖြင့်ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧပြီလ ၁၀ ရက်နေ့ တွင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြား သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ပုသိမ် တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက် ကြသည်။

**လျှောက်လှမ်းလျက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြော ကြားရာတွင် ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာလအတွင်း ကျင်းပ ပြုလုပ်ခဲ့သည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

တွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲကျင်းပမှုမှတစ်ဆင့် သမ္မတကိုရွေးချယ်ခြင်း၊ ဥပဒေပြုလုပ်ငန်းများနှင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲပုံစံအရ လွှတ်တော်အား ဒေသအလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း၍ ပြည်သူ့လွှတ်တော်ဖြစ်လာကြောင်း၊ အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အမျိုးညီရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အမျိုးသားလွှတ်တော် ဖြစ်လာကြောင်း၊ လွှတ်တော်နှစ်ရပ်ပေါင်း၍ ပြည်ထောင်စုလွှတ်တော်ဖြစ်လာကြောင်း၊ မိမိတို့ရွေးချယ်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များက သမ္မတကိုရွေးချယ်ရကြောင်း၊ အချို့နိုင်ငံများတွင် သမ္မတအား ပြည်သူများက တိုက်ရိုက်ရွေးချယ်ကြပြီး အချို့နိုင်ငံများတွင် အာဏာရပါတီခေါင်းဆောင်များက ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့အကြီးအကဲများအဖြစ် တာဝန်ယူ၍ အဆောင်အယောင်သမ္မတများခန့်အပ်ထားကြကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီမှုမရှိဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ကြသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျှောက်လှမ်းလျက် ရှိကြောင်း။

**နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အား ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး အတွက် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် သတ်မှတ်ကာလအတွင်း ကျင်းပနိုင်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိ။**

**ပါဝင်ဆန္ဒမဲပေးခဲ့**

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မိမိအနေဖြင့် ကြိုတင်မဲပေးခြင်းမပြုခဲ့ဘဲ တပ်မတော်သားများနှင့်အတူ ပါဝင်ဆန္ဒမဲပေးခဲ့ကြောင်း၊ NLD ပါတီအနေဖြင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအနိုင်ရခဲ့ပြီး နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ချိန်၌ အားနည်းချက်များရှိခဲ့သဖြင့် ပြည်သူများက အားမလိုအားမရမှုများဖြစ်ခြင်းကြောင့် ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ ပြုလုပ်ခဲ့ချိန်တွင် ပျမ်းမျှအားဖြင့် ၁၄ ရာခိုင်နှုန်းကျော်ခန့်သာ မဲပေးခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း မဲမပေးရေး (No Vote) ဟု လှုံ့ဆော်မှုများရှိခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများရှိသည့်ဒေသများတွင် ဒေသခံ တိုင်းရင်းသားပါတီများက အနိုင်ရရှိခြင်းမရှိဘဲ NLD ပါတီကသာ အနိုင်ရရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ အချို့ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့ဒေသတွင် ဆန္ဒမဲရရှိမှု လုံးဝမရှိသည်အထိရှိခဲ့သည်မှာ မဲမသမာမှုများ ဆောင်ရွက်ခဲ့ခြင်းသည် ပေါ်လွင်နေကြောင်း၊ ဒီမိုကရေစီ လျှောက်လှမ်းရာတွင် မဲမသမာမှုပြုလုပ်ခြင်းကို လက်ခံနိုင်စရာအကြောင်းမရှိကြောင်း၊ ပြည်သူလူထုက မျှော်မှန်းထားသည့် ဒီမိုကရေစီမျှော်မှန်းချက်များကို ရိုက်ချိုးခံရခြင်း ဖြစ်ကြောင်း၊ နိုင်ငံရေးလောဘ၊ အာဏာလောဘများဖြင့် မသမာသည့်နည်းလမ်းများနှင့် တိုင်းပြည်အပေါ်ဆောင်ရွက်သွားခြင်းပင် ဖြစ်ကြောင်း။

**နားလည်ရန်လို**

တပ်မတော်သည် နိုင်ငံတော်၏ အာဏာကိုထိန်းသိမ်းပေးခြင်းဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်ကြောင်းကို နားလည်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အစိုးရအဖွဲ့ပြည်ထောင်စုအဆင့်ရှိဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများဖွဲ့စည်းရာတွင် တပ်မတော်သားများ

ဖြင့် ဖွဲ့စည်းထားခြင်းမရှိဘဲ အရပ်သားများ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေခြင်းသာရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပျက်ယွင်းမှုမရှိဘဲ မိမိတို့အနေဖြင့် အခြေခံဥပဒေအတိုင်းသာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီအလေ့အကျင့်မပျက်စေရန်အတွက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့်ပတ်သက်ပြီး ပါဝင်ပြီးဖြစ်ကြောင်း၊ ယခုအခါ အကြမ်းဖက်ဆူပူမှုများဖြစ်ပွားချိန်တွင်လည်း မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်လည်ရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အား ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် သတ်မှတ်ကာလအတွင်း ကျင်းပနိုင်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

**ခိုင်ခိုင်မာမာရှိနေ**

တပ်မတော်သားများအားလုံးသည် ပြည်သူများကြားမှ ပေါက်ဖွားလာခြင်းဖြစ်သဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး ကောင်းမွန်စေရေးအတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ယခင်ကတည်းကပင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအပေါ် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကာကွယ်ဆောင်ရွက်ပေးနေကြောင်း၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီး နှစ်လတာကာလအတွင်း နေရာတော်တော်များများတွင် ပြန်လည်တည်ငြိမ်လာခြင်းသည် တပ်မတော်သည် နိုင်ငံတော်အတွက်၊ ပြည်သူအတွက် ခိုင်ခိုင်မာမာရှိနေခြင်းကို ပြခြင်းဖြစ်ကြောင်း။

ဆူပူဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုနှင့် လုယက်မှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဆူပူမှုများကိုဖြိုခွင်းရာတွင်လည်း ဒီမိုကရေစီနည်းလမ်းအရ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ အကြမ်းဖက်ဆူပူမှုများကို ဖြိုခွင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့ အကြမ်းဖက်ဆူပူသူများ၏ ရန်ပြုတိုက်ခိုက်မှုကြောင့် သေဆုံးခြင်းနှင့် ဒဏ်ရာရရှိခြင်းများရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသကဲ့သို့ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သဖြင့် (၇၆)နှစ်မြောက် တပ်မတော်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များချီးမြှင့်ခဲ့ကြောင်း။

တပ်မတော်သည် တိုင်းပြည်ကာကွယ်ရေးအတွက် အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်သားများအနေဖြင့် စစ်သားပီသစွာဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးအရ တာဝန်ယူချိန်တွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အစဉ်အလာကောင်းများရှိနေသည့် မိမိတို့တပ်မတော်ကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သားတစ်ဦးချင်း၏ အရည်အသွေး၊ တပ်ဖွဲ့တစ်ခုချင်း၏ အရည်အသွေး၊ ဌာနချုပ်များအလိုက်ရှိသည့် စုစည်းသည့်အင်အားနှင့် အရည်အသွေးများကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သည်စုစည်းသည့်အင်အား ခိုင်ခိုင်မာမာရှိခြင်းကြောင့် မိမိတို့အနေဖြင့် တိုင်းပြည်ကို ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံ့အရေးတာဝန်၊ နိုင်ငံရေးတာဝန်ကို ယူထားရခြင်းဖြစ်သဖြင့် မိမိတို့အနေဖြင့် လုပ်ငန်းများအား တာဝန်ကျေစွာ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၁-၄-၂၀၂၁ )





တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန် ဖြစ်သည့်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်ခြင်းနှင့် အမိန့်နာခံတတ်မှုကောင်းမွန်ခြင်းမှ တပ်မတော်တွင် စစ်သားဘဝကို စတင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါ အလေ့အကျင့်ကောင်းများသည် တပ်မတော်သားဘဝတစ်လျှောက်လုံးတွင် ရှိသဖြင့် ရှိပြီးသားကောင်းမွန်သည့်အလေ့အကျင့်ကောင်းများအပေါ်တွင် မူတည်၍ တပ်များစွမ်းရည်ရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်၏တာဝန်သည် ပြည်သူကိုကာကွယ်ရန်၊ တိုင်းပြည်၏ရန်ကို ကာကွယ်ပေးရန်ဖြစ်ပြီး ပြည်သူကိုအုပ်ချုပ်သည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊ ယခုအခါ နိုင်ငံ့အရေးကိစ္စရပ်များကြောင့်သာ ဝင်ရောက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစ၍ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်များရှိကြောင်း၊ အဆိုပါကာလများအတွင်း ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကိုလည်း ဖြေရှင်းခဲ့ရကြောင်း၊ တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် ကောင်းမွန်သည့်အမွေဖြစ်သဖြင့် မိမိတို့အနေဖြင့် စည်းကမ်းတကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုများကိုအခြေခံပြီး မိမိတို့တစ်ဦးချင်း၏ အရည်အသွေး၊ တပ်ရင်းတပ်ဖွဲ့များ၊ တပ်ဌာနချုပ်များ၏ အရည်အသွေးများဖြင့် စုစည်းညီညွတ်စွာဖြင့် ဆောင်ရွက်ပါက ပြည်သူကအားကိုးရသည့် တပ်မတော်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်အဖြစ် တည်ရှိနေမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧပြီလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲ

ဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခင်က တပ်မတော်အနေဖြင့် နိုင်ငံရေးတာဝန်များကို ခေတ္တထိန်းသိမ်းဆောင်ရွက်ပေးခဲ့ရသည်များရှိကြောင်း၊ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရတာဝန်ယူချိန်တွင် ဖဆပလအစိုးရမှ နိုင်ငံရေးအရ တိုင်းပြည်အားထိန်းသိမ်းနိုင်မှု မရှိတော့ခြင်းကြောင့် နိုင်ငံတော်၏တာဝန်များအား ဥပဒေနှင့်အညီလွှဲပြောင်းပေးခဲ့ကြောင်း၊ တပ်မတော်မှ ၁၈ လကြာ တာဝန်ယူခဲ့ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာများဆောင်ရွက်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပ၍ အနိုင်ရပါတီထံ အာဏာပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊

**တပ်မတော်၏တာဝန်သည်**
**ပြည်သူကိုကာကွယ်ရန်၊**
**တိုင်းပြည်၏ရန်ကို ကာကွယ်ပေးရန်ဖြစ်ပြီး**
**ပြည်သူကိုအုပ်ချုပ်သည့်**
**အဖွဲ့အစည်း မဟုတ်၊**
**ယခုအခါ**
**နိုင်ငံ့အရေးကိစ္စရပ်များကြောင့်သာ**
**ဝင်ရောက်ဆောင်ရွက်နေခြင်းဖြစ်။**

ဆက်လက်ပြီး နိုင်ငံတော် ပြိုကွဲမည့်အခြေအနေဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းရေးမငြိမ်မသက် ဖြစ်ပေါ်ခဲ့မှုကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်၏တာဝန်အားထမ်းဆောင်၍ တော်လှန်ရေးကောင်စီအဖြစ် ဖွဲ့စည်းပြီး ဥပဒေနှင့် အမိန့်များထုတ်ပြန်၍ နိုင်ငံတော်အား အုပ်ချုပ်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်များတွင် အားသာချက်များရှိသလို အားနည်းချက်များလည်းရှိခြင်းကြောင့် စီးပွားရေးထိခိုက်ခဲ့မှုများဖြစ်ပေါ်ခြင်းနှင့် နိုင်ငံတကာဆက်ဆံရေး အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံတော်အနေဖြင့် အကျပ်အတည်းအခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့နောက် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းဖြစ်ပွား၍ အာဏာရအစိုးရပြိုကွဲခဲ့ပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များအား ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရပြီး ဆူပူအကြမ်းဖက်မှုများကြောင့် တပ်မတော်အစိုးရအုပ်ချုပ်ရေးဖြင့် ဆောင်ရွက်ခဲ့ရကြောင်း။

**ကြိုတင်ပြောင်းလဲ**

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရန်အတွက် ဒီမိုကရေစီစနစ်လျှောက်လှမ်းနိုင်ရေး အရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာများကို ကြိုတင်ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ပါတီစုံဒီမိုကရေစီလျှောက်လှမ်းမှုတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်ကိုလည်း အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့သဖြင့် များစွာတိုးတက် ပြောင်းလဲလာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်မှ အာဏာလွှဲပြောင်းပေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိသဖြင့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအား ပြင်ဆင်ပေးခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ထို့နောက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီအနေဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲ

ကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် ကန့်ကွက်မှု မရှိဘဲ လက်ခံခဲ့ကြောင်း။

**ယုံကြည်မှုများ လျော့နည်း**

NLD ပါတီအစိုးရ တာဝန်ထမ်းဆောင်ချိန်ကာလ အတွင်း ဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတော် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ထိခိုက်ခဲ့ရပြီး စီးပွားရေး ဆိုင်ရာများ ထိခိုက်ကျဆင်းလာသဖြင့် ပြည်သူများမှ ၎င်းတို့အပေါ်ယုံကြည်မှုများ လျော့နည်းလာကြောင်း၊ ပြည်သူများအနေဖြင့် ၎င်းတို့အပေါ် ယုံကြည်မှုနည်းပါး လာသည်ကို တွေ့ရှိရသဖြင့် NLD ပါတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုဖြင့် တက်လာသည့် အစိုးရအား လက်ခံရန်မဖြစ်နိုင်ကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို မဲမသမာမှုပြုလုပ်ခြင်းအား လက်ခံမှုမရှိကြောင်း၊ ယခု စိစစ်သည့်အချိန်တွင်လည်း မဲမသမာမှုဖြစ်စေရန် ဆောင်ရွက်ချက်များအပြင် ငွေကြေး ဆိုင်ရာ အဂတိလိုက်စားမှုများကိုပါ စစ်ဆေးတွေ့ရှိရ ကြောင်း၊ မဲစာရင်းများအား ပြန်လည်စစ်ဆေးလျက်ရှိ ပြီး မဲမသမာမှု ဖြစ်ပွားသည့် မဲစာရင်းများအား ထုတ်ပြန် ပေးလျက်ရှိကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ဖေဖော်ဝါရီလ ၃ ရက်နေ့ နောက်ပိုင်းတွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများဖြစ် ပေါ်ခဲ့သော်လည်း ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နောက် ပိုင်းတွင် မဲမသမာမှု ပြုလုပ်မှုတွင်ပါဝင်ခဲ့သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ဝိုင်းဝန်းသွေးထိုးမြှောက်ပင့် ခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်းများကြောင့် ဆူပူအကြမ်း ဖက်မှုများ၊ စက်ရုံအလုပ်ရုံများအား မီးရှို့ဖျက်ဆီးမှုများ နှင့် သတ်ဖြတ်မှုများအထိ ဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်မြို့ ရှိ မြို့နယ်အချို့အား စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ထုတ်ပြန်ခဲ့ရာ ယခုအခါ ဆူပူမှုများနည်းပါးလာပြီ ဖြစ်ပြီး ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ဆူပူ အကြမ်းဖက်မှု ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်များ တွင် သွေးထိုးလှုံ့ဆော်နေသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

**ဒီမိုကရေစီစနစ်ပျက်ယွင်းမှုမရှိ**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေ ဖြင့် နိုင်ငံတော်အုပ်ချုပ်ရေး ဆောင်ရွက်ရာတွင် ကောင်စီ အဖွဲ့ဝင်များအား တာဝန်ပေးအပ်ရာတွင် တပ်မတော် သားများသာ သီးသန့်တာဝန်ပေးအပ်ခြင်းမဟုတ်ဘဲ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားခေါင်း ဆောင်များပါ ထည့်သွင်းတာဝန်ပေးအပ်ထားကြောင်း၊ ထိုသို့ အရပ်ဘက်ပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ရခြင်း သည် တပ်မတော်နှင့်ပြည်သူများမှ လိုလားသည့် ဒီမိုက ရေစီစနစ်ပျက်ယွင်းမှု မရှိစေရန်အတွက် ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၁-၄-၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဒေသဆိုင်ရာ အထွေထွေ အချက်အလက်များ၊ မြို့တော်သန့်ရှင်းသာယာလှပရေး ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေများအရ ယာယီသမ္မတ၏ တာဝန်လွှဲအပ်မှုနှင့်အညီ

နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကို သတင်းထုတ်ပြန်ခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေး တာဝန်ထမ်းဆောင်ခြင်းနှင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းကို သိရှိနားလည်မှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သို့ပင်ဖြစ်စေ ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ပြီး မိမိ၏ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းတာဝန်များနှင့် ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ရမည် ဖြစ်ကြောင်း၊ မိမိ၏နိုင်ငံ့ဝန်ထမ်း တာဝန်များကို သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ရမည်ကို သိရှိနားလည်ရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမှု အခြေအနေများအရ အစိုးရကိုဆန့်ကျင်သည့် CDM လှုပ်ရှားမှုများ၊ မသမာသောသူများ၏ ခြိမ်းခြောက်မှုများအရ တာဝန်ဝတ္တရားလစ်ဟင်းမှုများကို နားလည်နိုင်သော်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်လိုကြောင်း၊ မိမိတစ်ဦးတစ်ယောက်၏ ပါတီနိုင်ငံရေးခံစားချက်များကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် နစ်နာမှုများမဖြစ်ပေါ်စေလိုကြောင်းဖြင့် ဦးစွာပြောကြားသည်။

**ပူးပေါင်းကူညီ**

ထို့နောက် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်လာရသည့် နောက်ခံအကြောင်းအရာများနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံတွင် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ပေါ်လာစေရေး မိမိတို့နိုင်ငံလူဦးရေ၏ ၉၂ ဒသမ ၄၈ သန်းကျော်မဲပေးအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ပုံဖော်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း၊ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသည် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် အခက်အခဲများကြားမှ ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည်များကို ပူးပေါင်းကူညီလုပ်ဆောင်ပေးခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ဒီမိုကရေစီသက်တမ်းနုနယ်ပြီး အဘက်ဘက်မှ ဖိအားများ၊ အခက်အခဲများကြောင့် အချို့နေရာများတွင် ပြည်သူလူထုလိုလားသည့်ကိစ္စများတွင် လိုအပ်ချက်များရှိခဲ့ကြောင်း။

**ဥပဒေကို ပြင်ဆင်ပေးခဲ့**

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအနေဖြင့် ၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ် ရပ်တည်နေသော NLD ပါတီကို ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်နိုင်စေရေး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်ပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက် တိုးတက်မှုများမဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီက ပြည်သူလူထုသို့ မဲဆွယ်စည်းရုံးပြီး ပေးအပ်ထားသည့် ကတိကဝတ်များနှင့်လည်း အလွဲလွဲအချော်ချော်ဖြစ်ခဲ့ကြောင်း၊ ထို့ပြင် အမျိုးသားရေးစရိုက်လက္ခဏာကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်မှုများ၊ ဥပဒေပြင်ဆင်ခြင်းများ၊ ပယ်ဖျက်ခြင်းများကိုပါ လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် မဲပေးခဲ့ကြသည့် အစိုးရများအပေါ် အလွှာအသီးသီး၏ ခံစားချက်များကိုမူတည်၍ အစိုးရ၏လုပ်ဆောင်ချက်များအပေါ်မှာ အားမလိုအားမရ ဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များဖြစ်လာကြသည်ကို လေ့လာတွေ့ရပြီး (No Vote) မဲမပေးကြရေး လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ရန်ကုန်တစ်မြို့နယ်လုံး၌ ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းကျော်ခန့်သာရှိသည်ကို သိရှိရပြီး ပြည်သူ့ကိုယ်စားလှယ်စစ်စစ်မဖြစ်နိုင်သည်ကို တွေ့ရှိကြရမည် ဖြစ်ကြောင်း။

**စီးပွားရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်အစိုးရအဆက်ဆက် လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများ၊ စီမံကိန်းများမှ ဒေသအတွက် အကျိုးရှိမည့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်။**

**အကဲစမ်းမှုတစ်ခုဖြစ်**

အဆိုပါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ရွေးကောက်ပွဲသည် မပြုလုပ်ပါကလည်း ရသည့်အခြေအနေတွင်ဖြစ်ပြီး NLD အစိုးရအနေဖြင့် ပြည်သူလူထု၏ ရွေးကောက်ပွဲအပေါ် ပြည်သူလူထု၏ စိတ်ပါဝင်စားမှုနှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအပေါ် အကဲစမ်းမှုတစ်ခုပင်ဖြစ်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးသူမရှိ၊ မဲမရရှိပါက နိုင်ငံရေးအရ သိက္ခာကျမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီများဖွဲ့စည်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေအပေါ်တွင် ကျော်လွန်၍ အမိန့်အမျိုးမျိုးကို ထုတ်ပြန်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ခဲ့ချိန်တွင် မိမိတို့ တပ်မတော်သားများအနေဖြင့် ပြည်သူများနှင့်အတူ ပြင်ပမဲရုံများတွင် သတ်မှတ်စည်းကမ်းချက်များ၊ COVID-19 ထုတ်ပြန်ချက်များနှင့်အညီ မဲပေးခဲ့ကြောင်း၊ ထို့နောက် မဲစာရင်းရလဒ်များ ထုတ်ပြန်ကြေညာခဲ့ချိန်တွင် မဲမသမာမှုများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုမိခဲ့ပြီး ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်များနှင့် ပါတီများ၏ တောင်းဆိုချက်များအရ တပ်မတော်က မဲစာရင်းများ စစ်ဆေးခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀ သန်းကျော်ထိ ရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ စစ်ဆေးတွေ့ရှိမှုများကိုလည်း နေ့စဉ်ထုတ်ပြန်ပေးခဲ့ကြောင်း။

ထိုသို့မဲစာရင်းများကြီးမားစွာမှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ကို ဖေဖော်ဝါရီ ၁ ရက်နေ့တွင်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန်အထိ လုပ်ဆောင်လာခဲ့သဖြင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ တရားဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း။

ထို့နောက် တပ်မတော်သည် နိုင်ငံတော်၏ အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ဒီမိုကရေစီစနစ် ခိုင်မာစေရေး ဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသည့်အခြေအနေများနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ်နှင့်အညီ အုပ်ချုပ်မှုလုပ်ငန်းများ ပုံမှန်အတိုင်း ဖြစ်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တပ်ဘက်၊ အရပ်ဘက်မျှတအောင် ဖွဲ့စည်းခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာဖွဲ့စည်းပေးခဲ့ကြောင်း၊ လုပ်ရည်ကိုင်ရည်ရှိပြီး အရည်အချင်းရှိသူများကို ရွေးချယ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

**ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခဲ့**

စတင်တာဝန်ယူပြီးသည့်နောက်ပိုင်း ပထမပတ်ကာလအတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယပတ်မှစ၍ ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဆန္ဒပြမှုများတွင် ရိုးသားစွာဖြင့် NLD ကို ဆန္ဒမဲပေးခဲ့ကြသူများနှင့် မဲမသမာမှုများ ဖြစ်ပေါ်အောင်လုပ်ဆောင်ခဲ့ကြသူများ၊ လှုံ့ဆော်သွေးထိုးသူများဟူ၍ အမျိုးအစားနှစ်ခုပါဝင်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံရေး အမြတ်ထုတ်သူများ၏ လှုံ့ဆော်သွေးထိုးမှုများကြောင့် ငြိမ်းချမ်းစွာဆန္ဒပြမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှု၊ လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်တို့သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကိုတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၆ မြို့နယ်ကို စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန် ဆောင်ရွက်ခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအလိုက်

အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့်သာ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခဲ့ပြီး လက်ရှိအချိန်တွင် ဆူပူဆန္ဒပြမှုများလျော့နည်းကာ ပုံမှန်အနေအထားအတိုင်း ပြန်လည် သွားလာလှုပ်ရှားလည်ပတ်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် သန့်ရှင်းသည့် ဒီမိုကရေစီဖြစ်စေရေး၊ ရိုးသားသည့် ဒီမိုကရေစီဖြစ်စေရေးကိုသာ လိုလားပါကြောင်း၊ လက်ရှိဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများသည် အလွန်ဆိုးရွားသည့် ဖြစ်စဉ်ဖြစ်ပြီး ရိုးရိုးဖြေလျှင်အောင်သည့် စာမေးပွဲကို မတန်တဆအမှတ်များလိုချင်သဖြင့် မရိုးသားသောနည်းလမ်းဖြင့် စာမေးပွဲဖြေဆိုသည်နှင့် တူနေကြောင်း၊ ၁၉၅၆ ခုနှစ် ဟယ်ရီတန်အရေးအခင်းကဲ့သို့ ဖြစ်ပြီး လွှတ်တော်အဖွဲ့အစည်းသည် “ ဟယ်ရီတန်ကြောင့် စာမေးပွဲအောင်သလို ” လုပ်၍ မရဘဲ မဲမသမာခြင်းသည် ဒီမိုကရေစီစနစ်၊ ပြည်သူ့ဆန္ဒကို ပြက်ရယ်ပြုခြင်း၊ ဖျက်ဆီးခြင်းပင်ဖြစ်ပါကြောင်း။

**ဦးစားပေးဖြေရှင်းပေးရန်လို**

ဆက်လက်ပြီး စီးပွားရေး၊ ပညာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်အစိုးရအဆက်ဆက်လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများ၊ စီမံကိန်းများမှ ဒေသအတွက် အကျိုးရှိမည့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း နေထိုင်သည့် ပြည်သူလူထု၏ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဦးစားပေးဖြေရှင်းပေးရန်လိုကြောင်း၊ ဥပမာအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ မိုးတွင်းကာလ မြို့တွင်း၌ ရေကြီး၊ ရေလျှံမှုမဖြစ်ရေး၊ ယာဉ်စည်းကမ်းလိုက်နာရေး၊ ခြောက်သွေ့ရာသီ၌ သုံးရေလုံလောက်ရေး စသည့် လက်တွေ့ပြည်သူ့ဘဝကို အကျိုးရှိစေမည်ကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်သည့် နိုင်ငံတစ်ခုဖြစ်ပြီး ဆန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည့် နိုင်ငံတစ်ခုတွင် ဆန်မလုံလောက်သည့်ဒေသများ ရှိနေသည်ကို အဖြေရှာကြရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်ပမှ ဝယ်ယူသုံးစွဲနေမှုများအားလျှော့ချရန်လိုပြီး ပြည်တွင်း၌ ထုတ်လုပ်သုံးစွဲနိုင်မှသာလျှင် တိုင်းပြည်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း။

ထို့အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ တိုင်းပြည်အတွက် လက်တွေ့ကျသောထုတ်ကုန်ကဏ္ဍမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ခေတ်မီတိုးတက်အောင် လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ သွင်းအားစုကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေးမြင့်တင်ရန် လိုအပ်ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင်လည်း ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ လိုအပ်ချက်များဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိမှု၊ သယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေးကောင်းမွန်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ကြရန်လိုကြောင်း။

**ပညာရေးကဏ္ဍသည် အရေးကြီး**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ နိုင်ငံ့ပညာရေးအတွက် ကျောင်းဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍများကို အားပေးရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ကောင်းမွန်သော လူ့စွမ်းအား အရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ပေါ်လာစေရေးအတွက် ပညာရေးကိုအားပေးရမည်ဖြစ်ပြီး ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေများကို ပေးခဲ့ရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ဝတ္တရားကိုသိရှိပြီး မိမိတာဝန်ကိုကျေပွန်ရန်လိုကြောင်း၊ တိုင်းပြည်အတွက် အလုပ်လုပ်ရမည်ဖြစ်ပြီး မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်မှသာလျှင် လုပ်ဖော်ကိုင်ဖက်များနှင့် ပြည်သူက လေးစားမည်ဖြစ်ကြောင်း၊ မိမိတိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးအတွက် တစ်ဦးချင်း အသိစိတ်ဓာတ်များကောင်းမွန်စွာဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကား

## ( ၁၇-၄-၂၀၂၁ )



နှစ်ဟောင်းမှ နှစ်သစ်ကိုကူးပြောင်းတဲ့ မြန်မာ့ရိုးရာအတာသင်္ကြန် ကာလဟာ မြန်မာနိုင်ငံသားတို့ရဲ့ ရိုးရာဓလေ့ပွဲတော်များအနက် ထူးခြား လေးနက်မှုရှိတဲ့ ပွဲတော်တစ်ရပ်ပဲဖြစ်ပါတယ်။

နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ဒီလိုအချိန်ခါမှာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေ၊ မင်္ဂလာရှိတဲ့နေ့ရက်များကို ပိုင်ဆိုင်နိုင်ကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေ၊ COVID-19 ကပ်ရောဂါဘေးကြီးကလည်း ကျော်လွှားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဖြတ်သန်းခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ပြန်ကြည့်မယ်ဆိုလျှင် COVID-19 ကပ်ရောဂါဖြစ်ပွားလာခဲ့တဲ့ စိန်ခေါ်မှုနဲ့အခက်အခဲတွေ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့တဲ့ ကြီးမားတဲ့ မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်အာဏာကို အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ တာဝန်ပေးအပ်လာတဲ့အတွက် တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ရပြီး ပုံမှန်ကာလမဟုတ်တဲ့ အခြေအနေကို ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်နေစဉ်ကာလအတွင်း ပြည်သူတွေရဲ့ ဆန္ဒနှစ်ခုဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုအကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း မိဘပြည်သူများရဲ့ဆန္ဒများ ပြည့်ဝစေရေးအတွက် အစွမ်းကုန်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်ရာမှာ အစိုးရအဖွဲ့တစ်ခုတည်းသာ မဟုတ်ဘဲ မဏ္ဍိုင်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူ

များအားလုံးက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါမယ်။ အရေးကြီးဆုံးကတော့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပြီး ညင်သာတဲ့ အသွင်ကူးပြောင်းမှုကို ဆက်လက် လုပ်ဆောင်နိုင်ဖို့ အားလုံးက အမြင်ကျယ်ကျယ်၊ ဉာဏ်ပညာရှိရှိဖြင့် ဆောင်ရွက်သွားဖို့လိုအပ်ကြောင်း တိုက်တွန်းလိုပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စု တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးနဲ့ အတူတကွလက်တွဲပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ စီးပွားရေးကို ပြန်လည်တည်ဆောက်တဲ့နေရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံစဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဓိကကတော့ စီးပွားရေးအခြေခံ အဆောက်အအုံတွေ ခိုင်မာရေးအတွက် အရေးကြီးတဲ့စီးပွားရေး အင်စတီကျူးရှင်းတွေကို အားပေးတာတွေ၊ သေချာတဲ့ ကုန်ထုတ်လုပ်မှုတွေကို အားပေးတာတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ယခုလို COVID-19 ကပ်ရောဂါနဲ့ပတ်သက်ပြီး တိုင်းရင်းသား ပြည်သူလူထုအတွက် ကာကွယ်ရေး၊ ကုသရေးတို့တွင် မျက်ခြည်မပြတ် စောင့်ကြည့်ဆောင်ရွက်ပေးလျက်ရှိရာမှာ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံထုတ်၊ တရုတ်နိုင်ငံထုတ်၊ ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများကိုလူဦးရေ ၁၅ သန်းကျော်အား ဦးစားပေးအဆင့် ၃ ဆင့်၊ အုပ်စု ၅ စုခွဲ၍ ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိတွင် ကာကွယ်ဆေး ၃ သန်းခွဲရောက်ရှိနေပြီး ထပ်မံ၍ ၂၈ သန်း ရောက်ရှိမှာဖြစ်ပြီး ပြည်သူလူထုအတွက် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး အလေးထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ကျန်းမာမှသာ မိမိတို့ရဲ့ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မှာပဲ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေနိုင်ဖို့အတွက် ငြိမ်းချမ်းရေးကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မည်သည့်ကိစ္စမျိုးကိုမဆို ရှောင်ရှားပြီး ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်ရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေကြတဲ့အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန် လျှောက်လှမ်းနိုင်စေဖို့အတွက် ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။ ထာဝရငြိမ်းချမ်းရေး ရရှိမှသာ တိုင်းပြည်ရဲ့ တိုးတက်မှုဟာ ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။

ယခုလို ၁၃၈၃ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလ အခါသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ နှစ်ဟောင်းတွေမှ အားနည်းချက်တွေကိုပြုပြင်၊ အားသာချက်တွေကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နဲ့နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ကျွန်တော်တို့နှင့် အတူ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်ကြပါစို့လို့ ဆန္ဒမွန်ပြု နှစ်သစ်ဦး အမှာစကားပါးလိုက်ပါတယ်။ အားလုံး ကျန်းမာရွှင်လန်းကြပါစေ ခင်ဗျာ။

■ ■ ■

# စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၅/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

( ၂၂-၄-၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၅/၂၀၂၁)ကို ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁) မှတ်တမ်းကို အတည်ပြုသည်။

**တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေ**

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အဓိကကျသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများရှိပြီး သဘောထား ကွဲလွဲမှုများရှိခြင်းကြောင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စုစည်းသည့်အင်အား ရရှိအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကော်မတီများအလိုက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရန် လိုကြောင်း၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး ကောင်းမွန်မှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

စီးပွားရေးကောင်းမွန်ရေးနှင့်ပတ်သက်၍ ဈေးကွက်ရရှိမည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန် လိုအပ်သဖြင့် စနစ်ကျသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာရရှိရန်အတွက် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေး ကောင်းမွန်ရန် လိုကြောင်း၊ ထို့အပြင် ထုတ်ကုန်ပစ္စည်းများအား အဆင့်ဆင့်ရောင်းချခြင်းများကို တတ်နိုင်သမျှ လျှော့ချရန်လိုကြောင်း၊ ကုန်ထုတ်လုပ်သူများနှင့် တောင်သူများ အနေဖြင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှသာ ကုန်ဈေးနှုန်းကို ထိန်းသိမ်းဆောင်ရွက်နိုင်မည် ဖြစ်ပြီး စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝန်ကြီး ဌာနများအနေဖြင့် မိမိတို့ သက်ဆိုင်သည့် ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံ၏ ပကတိ အခြေအနေများနှင့် ချိန်ထိုး စဉ်းစား၍ နိုင်ငံ့ဘဏ္ဍာငွေများ အလေအလွင့် မဖြစ်ပေါ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**တွန်းအားပေးဆောင်ရွက်**

စားနပ်ရိက္ခာပေါများရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရသည်များနှင့် အားပေးဆောင်ရွက်ပေးနေမှုများ ရှိကြောင်း၊ မြစ်ချောင်းများအတွင်း ငါးသယံဇာတပေါများစေရေးနှင့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှရှိနေသော ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ဒေသခံတောင်သူများအား အားပေးကူညီ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန် လိုကြောင်း၊ အားပေးကူညီမှုများရှိမှသာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စားရေရိက္ခာပေါများရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် မိမိတို့ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်သကဲ့သို့ မိမိတို့လက်အောက်ကိုလည်း လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်သွားရန် လိုကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ကျန်းမာ ကြံ့ခိုင်သည့် လူသားအရင်းအမြစ်များ ရှိရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့ဝင်ငွေနှင့်မျှတသည့် အာဟာရ ပြည့်ဝသော အစားအသောက်များ စားသုံးနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများကို အားပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ခန့်သာရှိသဖြင့် အခြားနိုင်ငံများထက် လျော့နည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ ယခုအခါ အိန္ဒိယနိုင်ငံ အပါအဝင် အခြားနိုင်ငံအချို့တွင်လည်း COVID–19 ရောဂါကူးစက်မှုများ မြင့်မားလျက်ရှိသဖြင့် မိမိတို့ အနေဖြင့်လည်း COVID–19 ရောဂါကာကွယ်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် မိမိတို့အနေဖြင့် ဖြည့်ဆည်းပေး နိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့် ပတ်သက်၍ ပညာပေးခြင်း လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်လိုကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးမည်**

အားကစားကဏ္ဍနှင့်ပတ်သက်၍ အားကစားများ ပြုလုပ်မှသာ ကျန်းမာကြံ့ခိုင်မှုရှိမည် ဖြစ်ကြောင်း၊ အလွယ်ကူဆုံး အားကစားနည်းနှစ်ခုမှာ လမ်းလျှောက်ခြင်းနှင့် ပြေးခြင်းပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစ၍ အားကစား အောင်မြင်မှုများသည် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း များစွာကျဆင်းခဲ့ကြောင်း၊ အားကစားပြိုင်ပွဲများပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်း ပင်ဖြစ်ကြောင်း၊ အားကစားနှင့် ပတ်သက်၍ မိမိတို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် အားပေး ဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍ တိုးတက်အောင်

ဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် အားပေးဆောင်ရွက်ကြရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ ပြုလုပ်ရာတွင် ကစားကွင်းများကောင်းမွန်ရေးသည်လည်း အဓိကကျသဖြင့် လိုအပ်သည့် အားကစားကွင်းများ၊ အားကစားရုံများ ကောင်းမွန်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာရေးကဏ္ဍအား အပြည့်အဝ အားပေးဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရေးမြင့်မားရေးအတွက် အားပေးဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများအတွက် ၎င်းတို့ပညာအရည်အချင်းနှင့် ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများအား ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ အခြေခံပညာအတွက် ဆရာ၊ ဆရာမများကို သင်ကြားမှု သင်ယူမှု အထောက်အကူပြုသင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးကဏ္ဍတွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ဥပဒေပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းသူများ များပြားလာစေရေးအတွက်လည်း တက္ကသိုလ်များတွင် ဥပဒေဘာသာရပ်များ ထည့်သွင်းသင်ကြားနိုင်ရေး စီမံဆောင်ရွက်သွားစေလိုကြောင်း၊ တက္ကသိုလ်ပညာရပ်များ သင်ကြားချိန်တွင် စီးပွားရေးနှင့် ပတ်သက်သည့် ပညာရပ်များကိုလည်း အထူးပြုသင်ကြားနိုင်ရေး အားပေးဆောင်ရွက်သွားစေလိုကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**ကောင်းမွန်သည့် အကျိုးရလဒ်များရရှိမည်**

ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ CDM ပြုလုပ်မှုနှင့် ပတ်သက်၍ ဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အချို့ဝန်ထမ်းများသည် ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့ တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက်ရှိကြကြောင်း၊ ကိုယ်တိုင်ဦးဆောင်လှုံ့ဆော်မှုများတွင် မပါဝင်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိုက်သင့်သည့် အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည် မဟုတ်ကြောင်း၊ ဝန်ထမ်းများအား CDM ပြုလုပ်ရန် ခြိမ်းခြောက်နေသူများအား သတင်းပို့တိုင်ကြားရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ထုတ်ပြန်ထားပြီး ခြိမ်းခြောက်သူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ CDM ပြုလုပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ အမြန်ဆုံး ပြန်လည်

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဆောင်ရွက်ရာတွင်
ကျန်းမာကြံ့ခိုင်သည့်
လူသားအရင်းအမြစ်များ
ရှိရန်လို၊
ထို့ကြောင့် ကျန်းမာရေးကို
ထိခိုက်စေနိုင်သည့်
အရက်၊ ဆေးလိပ်၊ ကွမ်းနှင့်
မူးယစ်ဆေးဝါး သုံးစွဲမှုများကို
ထိန်းသိမ်းကြပ်မတ်
ဆောင်ရွက်ကြရန်လို။

ဝင်ရောက် တာဝန်ထမ်းဆောင်ပါက နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များရရှိမည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရေး(ပန်းခင်းစီမံချက်)ကို အလေးထားကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့်ဦးရေ ၄ ဒသမ ၆ သန်းရှိသည်ကို စိစစ်တွေ့ရှိကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူနိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများရရှိရေး ဦးစားပေးဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရမည့် ဦးရေ ၃ ဒသမ ၈ သန်းကျော်ရှိပြီး စီမံချက်ကာလ ၁၈ လ ကြာမြင့်မည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် ပန်းခင်းစီမံချက်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်မည့်သူများအား သွေးအုပ်စုခွဲခြင်းလုပ်ငန်းကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စီမံအုပ်ချုပ်ရေးကောင်စီ အဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများရှိကြောင်း၊ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများရှိပြီး ပြည်ပနိုင်ငံများမှ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိကြောင်း၊ ယင်းကိစ္စများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် အစိုးရနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ခွဲခြားနားလည်စေရန် ရှင်းလင်း ပြောကြားစေလိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှု နှောင့်နှေးမှုမရှိစေရန်အတွက် မကြာမီကာလအတွင်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အနာဂတ်တွင် ပညာတတ်များရှိရန် လိုအပ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အပြည့်အဝ ပူးပေါင်းကူညီ ဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

တက္ကသိုလ်များတွင်
ဥပဒေဘာသာရပ်များ
ထည့်သွင်းသင်ကြားနိုင်ရေး
စီမံဆောင်ရွက်သွားစေလို၊
တက္ကသိုလ်ပညာရပ်များ
သင်ကြားချိန်တွင်
စီးပွားရေးနှင့် ပတ်သက်သည့်
ပညာရပ်များကိုလည်း
အထူးပြုသင်ကြားနိုင်ရေး
အားပေးဆောင်ရွက်သွားစေလို။

# တက္ကသိုလ်များတွင် စီးပွားရေးဘွဲ့သင်တန်းနှင့် ဥပဒေဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

## ( ၂၆-၄-၂၀၂၁ )





တက္ကသိုလ်များတွင် စီးပွားရေးဘွဲ့သင်တန်းနှင့် ဥပဒေဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာ ညွန့်ဖေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်တာဝန်များအား စတင်တာဝန် ထမ်းဆောင်ချိန်မှစ၍ ပညာရေးဆိုင်ရာပြုပြင် ပြောင်းလဲမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိ သူ များနှင့် ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမို ကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်း ဖြစ်၍ ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်ရန် လိုအပ်သဖြင့် ဥပဒေပညာရပ်များအား ကျယ်ပြန့်စွာ သင်ကြားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သဖြင့် စီးပွားရေး ကဏ္ဍတွင် စီးပွားရေး အသိအမြင်ရှိသည့် ပညာတတ်များ ပေါ်များရန် လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေး အတွက် အဓိက လိုအပ်ချက်ဖြစ်သည့် အဆိုပါ စီးပွားရေးပညာ ရပ်နှင့် ဥပဒေပညာရပ်များအား တက္ကသိုလ်များ အားလုံးတွင် သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက် ခြင်းပင်ဖြစ်ကြောင်း။

### လူမှုဘဝမြှင့်တင်မှုများကို ခံစားရနိုင်

တက္ကသိုလ်များသည် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကို မွေးထုတ်ပေးသည့် နေရာဌာနတစ်ခု ဖြစ်ပြီး လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် တက္ကသိုလ်မှ သင်ကြားပေးခဲ့သည့်ပညာရပ်များကို အခြေခံ၍ လူမှုဘဝမြှင့်တင်မှုအကျိုးများကို ခံစားရ နိုင်ကြောင်း၊ လူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင် သော်လည်း ဥပဒေပညာနားလည် သိရှိမှုကြောင့် ဥပဒေ ပညာကို အသုံးချ၍ လူမှုဘဝမြှင့်တင်မှုများကို ခံစားရ နိုင်ကြောင်း၊ အလားတူ စီးပွားရေးပညာရပ်များကို တတ်ကျွမ်းခြင်းဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင်

အကျိုးရှိအောင် အသုံးချနိုင်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်များတွင် တက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် ပညာရပ်များကို အသုံးချခြင်းအားဖြင့် များစွာအကျိုးရှိနိုင်မည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် တစ်ခုသာရှိပြီး အဆိုပါ အချိန်ကာလက တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို အများက အထင်ကြီး လေးစားကြကြောင်း၊ ဆက်လက်ပြီး မန္တလေးတက္ကသိုလ်၊ တောင်ကြီးကောလိပ်၊ မော်လမြိုင်ကောလိပ်၊ ပုသိမ်ကောလိပ်၊ မြစ်ကြီးနားကောလိပ်၊ စစ်တွေကောလိပ်များ ဖွင့်လှစ်၍ ထိုမှတစ်ဆင့် တက္ကသိုလ်များအဆင့်အထိ တိုးချဲ့ဖွင့်လှစ်လာခဲ့ရာ ယခုအခါ ဒေသ ၂၄ ခုတွင် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ပြီဖြစ်ပါကြောင်း၊ ယခင်က စီးပွားရေး၊ ပညာရေးနှင့် ဥပဒေပညာရပ် သင်ကြားလိုသူများ အနေဖြင့် ရန်ကုန်သို့ လာရောက်သင်ကြားကြရကြောင်း၊ တစ်နိုင်ငံလုံးမှ ကျောင်းသားများ လာရောက်သင်ကြားကြသဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပတ်ဝန်းကျင်အသစ်တွင် ကျင်လည်ကြရပြီး ကြိုးစား အားထုတ်သူများအနေဖြင့် ထူးချွန်အောင်မြင်မှုများ ရှိသည်ကို တွေ့ရှိရကြောင်း၊ တက္ကသိုလ်ပညာ ပြီးဆုံးချိန်တွင် အချို့က ဌာနဆိုင်ရာများတွင် အရာရှိများ ဖြစ်လာသကဲ့သို့ အချို့မှာလည်း မိမိတို့သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ကြသဖြင့် တက္ကသိုလ် ပညာပြီးဆုံးသူတိုင်း အစိုးရဝန်ထမ်း မဖြစ်ကြကြောင်း။

ပညာသင်ကြားရေးတွင် အခြေခံပညာအဆင့်နှင့် တက္ကသိုလ်အဆင့်သည် ကွာခြားမှုများရှိကြောင်း၊ အခြေခံပညာအဆင့် သင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများကို မိဘ၊ ဆရာများက အနီးကပ်ထိန်းသိမ်းကြပ်မတ်ပေးရပြီး တက္ကသိုလ်တွင် ပညာသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ကိုယ်တိုင် ထိန်းသိမ်းနေထိုင်ကြရကြောင်း၊ အခြေခံပညာ သင်ကြားရေးသည် သင်ကြားရေးစနစ် (Teaching) ဖြစ်ပြီး တက္ကသိုလ်ပညာ သင်ကြားရေးသည် လေ့လာခြင်းစနစ် (Learning) ဖြစ်ကြောင်း၊ အခြေခံပညာမူလတန်း သင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ကြားသည့် ပညာရပ်များနှင့် ပတ်ဝန်းကျင်အားဖြင့် ယေဘုယျတူညီကြောင်း၊ အလားတူအလယ်တန်းအဆင့် ပညာသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများသည်လည်း တူညီသည့် အသက်အရွယ်၊ တူညီသည့်ပညာရပ်၊ တူညီသည့် ပတ်ဝန်းကျင်တွင် ပညာသင်ကြားကြရကြောင်း၊ အခြေခံပညာ အထက်တန်းအဆင့်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကျရှုံးသူများရှိသဖြင့် အသက်အရွယ်အရ အနည်းငယ်ကွာခြားမှု ရှိလာကြောင်း၊ တက္ကသိုလ် တက်ရောက်ချိန်တွင်လည်း နေ့သင်တန်း (Day)နှင့် အဝေးသင်(Distance) တို့သည် ပညာသင်ကြားရမှုနှင့် ပတ်ဝန်းကျင်ကွာခြားမှုရှိကြောင်း၊ တက္ကသိုလ်များတွင် ပညာသင်ကြားရေးကိုသာမက လက်တွေ့ဆောင်ရွက်ခြင်းနှင့် လေ့လာခြင်းပညာရပ်များကို ဆောင်ရွက်ကြရကြောင်း၊ တက္ကသိုလ်များတွင် စာကြည့်တိုက်များ အဆင့်မီစွာရှိစေရေး အတွက်လည်း အလေးထား ဆောင်ရွက်စေလိုကြောင်း၊ တက္ကသိုလ် တက်ရောက်သည့် လူငယ်များ စစ်မှန်သည့် ပညာရပ်များနှင့် စစ်မှန်သည့် အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

တက္ကသိုလ်များတွင် ဥပဒေပညာသင်ကြားရေးနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားတိုင်း ဥပဒေစည်းကမ်းများနှင့် နေထိုင်နိုင်ရန်အတွက် ဥပဒေပညာသည် အရေးကြီးကြောင်း၊ လူမှုရေးဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာများနှင့် အခြားကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဥပဒေနှင့်ပတ်သက်၍ ဆောင်ရွက်ရသည်များ များစွာရှိကြောင်း၊ အလားတူ အုပ်ချုပ်မှုပိုင်းဆိုင်ရာများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံသားတစ်ယောက်အနေဖြင့် ဥပဒေသိရန် လိုအပ်သကဲ့သို့ စီမံခန့်ခွဲမှု ဆောင်ရွက်သူများအနေဖြင့်လည်း ဥပဒေကို နားလည်တတ်ကျွမ်းရန် လိုအပ်ကြောင်း၊ ဥပဒေကို နားလည်တတ်ကျွမ်း ထားခြင်းအားဖြင့် လက်တွေ့နယ်ပယ်တွင် တိုက်ရိုက်အသုံးချခွင့်ရသည့် ပညာရပ်ဖြစ်ကြောင်း၊ တပ်မတော်တွင်လည်း တပ်မတော်အရာရှိကြီးများနှင့် အရာရှိငယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့အား ဥပဒေသင်တန်းများ ဖွင့်လှစ်၍ အလေးထားသင်ကြားပေးလျက်ရှိကြောင်း။

စီးပွားရေးပညာ သင်ကြားမှုနှင့်ပတ်သက်၍

တိုင်းပြည်စီးပွားရေး ကောင်းမွန်ရန်အတွက် စီးပွားရေး အခြေခံများ၊ စီးပွားရေးကို နားလည် တတ်ကျွမ်းသူများ ရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ ရှေးယခင်က စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု အမှားများကြောင့် နိုင်ငံ စီးပွားရေး ကျဆင်းခဲ့ရသည်များ ရှိခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် ပတ်သက်၍ နိုင်ငံသားများ စီးပွားရေး ဆိုင်ရာ အမြင်များရှိရန် လိုအပ်သဖြင့် စီးပွားရေးပညာ ကို သင်ကြားစေလိုခြင်း ဖြစ်ကြောင်း၊ စီးပွားရေး ဆိုင်ရာ ပညာရပ်သည် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်နိုင်ကြောင်း၊ အလားတူ အခြား ဘာသာရပ်များသည်လည်း သက်ဆိုင်ရာပညာရပ် နယ်ပယ်အလိုက် အသုံးချနိုင်သည်များလည်း ရှိကြောင်း၊ ဝိဇ္ဇာပညာရပ်သည်လည်း လူများ၏ အတွေးအခေါ် တိုးတက်ရေးအတွက် များစွာအထောက်အကူပြု ကြောင်း၊ ထို့ကြောင့် ပညာရေးဆိုင်ရာ ဘာသာရပ်များ သင်ကြားချိန်တွင် မှျတစွာ သင်ကြားခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ဘဝတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာ သင်ကြားရေးနှင့်ပတ်သက်၍ အနာဂတ်ကိုမျှော်တွေး ပြီး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက်ကွာခြားမှုများ၊ ကျေးလက်၊ မြို့ပြကွာခြားမှု များကို လျှော့ချနိုင်ရေးဆောင်ရွက်၍ တစ်နိုင်ငံလုံး အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု ရှိရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်များ ချုပ်ငြိမ်းအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် အချို့နေရာများတွင် ပညာသင်ကြားရေးအတွက် အခက်အခဲများ ဖြစ်ပေါ် လျက်ရှိပြီး အချို့နေရာများတွင် တပ်မတော်မှ ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများရှိကြောင်း၊ ပညာ တတ်များ ပေါ်များမှသာ ဒေသတိုးတက်မည်၊ ဒေသ တိုးတက်မှသာ အသိပညာများ တိုးတက်ကောင်းမွန် လာမည်၊ အသိပညာများကောင်းမွန်မှသာ တွေးခေါ် မြော်မြင်မှုများ ကောင်းမွန်လာပြီး ငြိမ်းချမ်းရေး အရသာ၊ ဒီမိုကရေစီ၏အရသာကိုသိရှိပြီး လုပ်ငန်း များ ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ သို့မှသာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်သူများအားလုံး အခြားတိုင်းပြည် များတွင် အောက်ခြေအလုပ်သမားအဖြစ် ဆောင်ရွက် ခြင်းကို မပြုလုပ်ကြစေလိုဘဲ မိမိတို့နိုင်ငံတွင်းမှာသာ နေထိုင် လုပ်ကိုင်ဆောင်ရွက်၍ ကြီးပွားချမ်းသာစေ လိုကြောင်း၊ ထို့ကြောင့် ပြည်သူများ ပညာတတ်အောင် ဆောင်ရွက်ကြရာတွင် ဆရာ၊ ဆရာမများမှ ပညာများ သင်ကြားပေးသကဲ့သို့ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့ အစည်းများ အနေဖြင့်လည်း တွန်းအားပေး ဆောင်ရွက် ကြစေလိုကြောင်း။

ဝန်ထမ်းများ CDM ပြုလုပ်မှုနှင့်ပတ်သက်၍ ဒီမိုကရေစီနိုင်ငံဖြစ်သဖြင့် နိုင်ငံရေးအရ လွတ်လပ်စွာ သဘောထားကွဲလွဲမှုရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းသည် ကွာခြားမှု ရှိ ကြောင်း၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များသည် နိုင်ငံတော်ကိုကာကွယ်ပေးသည့်၊ တရား

**ဒီမိုကရေစီစနစ်တွင်**
**နိုင်ငံသားတိုင်း**
**ဥပဒေစည်းကမ်းများနှင့်**
**နေထိုင်နိုင်ရန်အတွက်**
**ဥပဒေပညာသည်**
**အရေးကြီး။**

ဥပဒေစိုးမိုးရေး ဆောင်ရွက်ပေးသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး ပညာရေးဝန်ထမ်းများသည် နိုင်ငံသားများကို ပညာသင်ကြားပေးမှုနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး၊ အုပ်ချုပ်မှုပိုင်းနှင့် ပတ်သက်၍ အစိုးရဝန်ထမ်းများဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကုသရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြကြောင်း၊ အခြားနိုင်ငံများတွင်လည်း ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများကျင်းပဆောင်ရွက်ကြချိန်၌ မကျေလည်မှုများရှိသော်လည်း မိမိတို့နိုင်ငံကဲ့သို့ ဝန်ထမ်းများ CDM ပြုလုပ်မှုမရှိကြောင်း၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုသည် နိုင်ငံရေးနှင့် ရောနှောမှုမရှိကြကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများအနေဖြင့် နိုင်ငံရေးကင်းရှင်းကြရန်လိုကြောင်း။

**မဖြစ်မနေ တည်ဆောက်သွားမည်**

တပ်မတော်သည် အမျိုးသားရေးတာဝန်အဖြစ် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် မဖြစ်မနေ တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအရဖြစ်ပေါ် ခဲ့သည့် ပြဿနာများကိုလည်း ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ရိုးသားသည့် နိုင်ငံရေး၊ တရားမျှတသည့် နိုင်ငံရေးကို ဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ စာသင်ကျောင်းများ ပိတ်ထားရမှုကြောင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများအနေဖြင့် နစ်နာမှုများရှိသကဲ့သို့ နိုင်ငံအတွက်လည်း နစ်နာ ရမှုများရှိကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ် နိုင်ရေးအတွက် ထုတ်ပြန်ထားသည့် COVID-19 စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ကြစေ လိုကြောင်း မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/ ၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

( ၂၆-၄-၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၁)ကို ဧပြီလ ၂၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ယခုလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့တက်ရောက်၍အာဆီယံအဖွဲ့ကဆောင်ရွက်နေသည့်

ကိစ္စရပ်များ၊ COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပြောင်းလဲမှုအခြေအနေများကို တက်ရောက် ဆွေးနွေးခဲ့ကြောင်း။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ဖေဖော်ဝါရီ ၁ ရက်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲပြောင်းထမ်းဆောင်ခဲ့မှု အခြေအနေများ၊ ဆန္ဒပြမှုများ အဆင့်ဆင့် ဖြစ်ပွားလာမှု အခြေအနေများနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်တာဝန်များ၊ တပ်မတော်က ပေးထားသည့် ကတိကဝတ်များအတိုင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် တပ်မတော်က ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဆောင်ရွက်ပေးခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို အာဏာရပါတီက ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ရွေးကောက်ပွဲ မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှု၊ မဲစာရင်းစစ်ဆေးတွေ့ရှိချက်များတွင် မဖြစ်နိုင်သည့် မဲစာရင်းများပါဝင်နေမှု၊ မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျော်လွန် ဆောင်ရွက်ထားရှိမှု၊ မှတ်ပုံတင်မရှိဘဲဆန္ဒမဲပေးခဲ့မှုများ၊ လတ်တလော ဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ၊ ပြည်သူများ ထိခိုက်သေဆုံးမှုများအား ဥပဒေနှင့်အညီဖြေရှင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ကြောင်း။

## ငြင်းပယ်ခဲ့

နိုင်ငံရေးတွင် ခေါင်းဆောင်မှု၊ ဦးဆောင်မှုပြုသူသည် အရေးကြီးကြောင်း၊ သို့သော် နည်းလမ်းဥပဒေနှင့်အညီသာ ခေါင်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် ခေါင်းဆောင်မှုများဖြင့် ဒီမိုကရေစီကို လက်ခံ၍မရကြောင်း၊ ရွေးကောက်ပွဲ တရားမျှတမှုမရှိခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုးစားမှုအပေါ် သမ္မတ၊ အစိုးရ တာဝန်ရှိသူများနှင့် လွှတ်တော်တို့က ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ငြင်းပယ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့် အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပမည့် အခြေအနေများ၊ ဆူပူအကြမ်းဖက်သူများ အသုံးပြုသည့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှု အခြေအနေများ၊ မြို့နယ်အချို့တွင် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ထုတ်ပြန်ခဲ့မှုအခြေအနေများ၊ ကျန်းမာရေး ဝန်ထမ်းများ CDM ပြုလုပ်မှုကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိခိုက်နစ်နာခဲ့မှု အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း။

အလားတူ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်နေမှု အခြေအနေများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တွင် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်သဖြင့် ငြိမ်းချမ်းရေးရရှိရေး မဖြစ်မနေဆောင်ရွက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲပြန်လည်ကျင်းပရန်အတွက် မှတ်ပုံတင်မရှိသေးသူ ၄ ဒသမ ၆ သန်းကျော်အား မှတ်ပုံတင်ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီသာ လက်ခံဆောင်ရွက်သွားမည့် အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း။

## ပြန်လည်ဆွေးနွေးခဲ့

မြန်မာ့နိုင်ငံရေးနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံခေါင်းဆောင်အသီးသီး၏ အကြံပြုချက် ဆွေးနွေး ချက်များနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးရာတွင် မိမိတို့နိုင်ငံအပေါ် ပေးအပ်ခဲ့သည့် အကြံပြုချက်များတွင် အပြုသဘောဆန်ပြီး ကောင်းမွန်သည့် အချက်များ ပါရှိသောကြောင့် ယင်းအချက်များကို ပြည်တွင်း၌ လတ်တလော ဖြစ်ပျက်နေသည့် အခြေအနေများနှင့် ဆက်စပ်၍ အလေးပေး ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေးကို ဦးစားပေး ဆောင်ရွက်နေသောကြောင့် ပြည်တွင်းတည်ငြိမ်မှုအပေါ် မူတည်ပြီးမှသာ အာဆီယံမှ အဆိုပြုသည့် မြန်မာနိုင်ငံသို့ လာရောက်လိုသည့် ခရီးစဉ်များကို စဉ်းစားသွားမည်ဖြစ်ကြောင်း၊ မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်း

**နိုင်ငံရေးတွင်
ခေါင်းဆောင်မှု၊
ဦးဆောင်မှုပြုသူသည် အရေးကြီး၊
သို့သော် နည်းလမ်းဥပဒေနှင့်အညီသာ
ခေါင်းဆောင်နိုင်ရမည်ဖြစ်၊
ဥပဒေနှင့်မညီသည့်
ခေါင်းဆောင်မှုများဖြင့်
ဒီမိုကရေစီကို
လက်ခံ၍မရ။**

စဉ်(၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် အာဆီယံမှ အပြုသဘော ပါဝင်ကူညီ ပံ့ပိုးပေးလိုမှုများနှင့် စပ်လျဉ်း၍လည်း “ASEAN Charter” “ASEAN Way” “ASEAN Sprit” များအပေါ် အခြေခံမည်ဆိုပါက နိုင်ငံကောင်းကျိုးအတွက် စဉ်းစားပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်များတွင် ဥပဒေပညာနှင့် စီးပွားရေးပညာ သင်တန်းများ ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ဥပဒေပညာရပ်သည် အရေးကြီးသဖြင့် နိုင်ငံသားတိုင်းအနေဖြင့် ဥပဒေအခြေခံကို သိရှိနားလည်ထားရန် လိုကြောင်း၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်မည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်း၊ ကျေးလက်နှင့် မြို့ပြ ဆင်းရဲချမ်းသာ ကွာခြားမှုများကို လျှော့ချရန်လိုကြောင်း၊ ပညာတတ်များပေါ်များစေရေး ပညာသင်ကြားနိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိရန်လိုကြောင်း၊ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်ရန်နှင့် တည်ဆောက်ဆဲ ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ ပြန်လည်လည်ပတ်ရန်လိုကြောင်း၊ သို့မှသာ ပြည်သူများအလုပ်အကိုင်ပြန်လည်ရရှိပြီး ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေလာမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကောင်စီဝင်များ ဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်းနှင့် ဒေါက်တာဗညားအောင်မိုးတို့က တရားမဝင်ဖွဲ့စည်းထားသည့် CRPH ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ကြေညာရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျော်လွန်၍ ဆောင်ရွက်ခဲ့သည့် ဥပဒေများကို ပြန်လည်ဆန်းစစ် သုတေသနပြုလုပ်သွားရေး၊ အထူးတရားရုံးများ ဖွဲ့စည်းရေးကိစ္စရပ်အပေါ် ပြန်လည်သုံးသပ်သွားရေး၊ တိုင်းပြည်အပေါ်သစ္စာရှိသည့် နိုင်ငံ့ဝန်ထမ်းများကို ချီးမြှင့်ရေးနှင့် ဥပဒေဖောက်ဖျက်သူများကို အရေးယူသွားရေး၊ ယခင်အစိုးရလက်ထက် နိုင်ငံခြားသားပညာရှင်များ ခန့်အပ်ဆောင်ရွက်ခဲ့မှုနှင့် တိုင်းပြည် ထိခိုက်နစ်နာခဲ့မှုများအပေါ် ပြန်လည်သုံးသပ် စိစစ်ဖော်ထုတ်သွားရေး၊ ပုဂ္ဂလိကဘဏ်များနှင့်ပတ်သက်၍ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကို လျှော့ချနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးရေး၊ ဆူပူဆန္ဒပြရန် လှုံ့ဆော်မှုတွင် ပါဝင်သည့် အနုပညာရှင်များကို ထိရောက်စွာ အရေးယူရေး၊ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူများနှင့် တာဝန်ရှိသူများကို ထိရောက်စွာ ဖမ်းဆီးအရေးယူရေး၊ နိုင်ငံခြားဝင်ငွေ ရရှိရေးအတွက် မြစ်သဲထုတ်ယူရေး၊ ရေပြင်ကျယ် ဧရိယာများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူရေး၊ Cyber Law တွင် လိုအပ်သည့်ပြဋ္ဌာန်းချက်အချို့ ထပ်မံထည့်သွင်းရေး၊ ပုဂ္ဂလိကတည်ဆောက်ရေး လုပ်ငန်းအချို့၌ CDM ပြုလုပ်ရန် ဦးတည်နေမှုကို စိစစ်ဖော်ထုတ်ရေး၊ CDM လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်မှုရှိနေသည့် ဝန်ကြီးဌာနအချို့မှ တာဝန်ရှိသူများကို စိစစ်ဆောင်ရွက်သွားရေး၊

တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများကို နိုင်ငံသား စိစစ်ရေးကတ် ပြုလုပ်ပေးရာတွင် စနစ်တကျ စီစဉ် ဆောင်ရွက်ပေးရေး၊ နယ်စပ်ဒေသများတွင် တရား မဝင်လက်နက်ပစ္စည်းများ သယ်ဆောင်နေမှုကို စိစစ် ဖော်ထုတ်သွားရေး၊ ပြည်သူများအချိန်နှင့်တစ်ပြေးညီ သတင်းအမှန်များ သိရှိစေရန် ဖွဲ့စည်းဆောင်ရွက် ပေးရေး၊ တည်ငြိမ်အေးချမ်းမှုရရှိနေပြီ ဖြစ်သည့် အတွက် တိုင်းပြည်၏ စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးရေး၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ် တို့တွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေး ရေး၊ ပလောင်ဒေသရှိ ကျေးရွာများတွင် အစားထိုး သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ် ချေးငွေရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ဖော်ဆောင်ရာတွင် တစ်ပါတီ အာဏာရှင်စနစ် မပေါ်ပေါက်စေရေးနှင့် ပြည်ထောင်စု ပုံစံဖြစ်စေရေး၊ လွှတ်တော်များတွင်ပါတီစုံမှ ကိုယ်စား လှယ်များ ပါဝင်နိုင်ရေးအတွက် ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွဲ့အစည်းတစ်ခုကို ဥပဒေကြောင်းအရ အရေးယူရမည်ဆိုပါက အကြောင်း အရာ၊ အချက်အလက် တိကျခိုင်မာရန်လိုကြောင်း၊ တရားစီရင်ရေးတွင် အထူးတရားရုံးကိစ္စရပ်များကို ပြန်လည် စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ CDM တွင် မပါဝင်သည့် ဝန်ထမ်းများနှင့် နိုင်ငံတော်အပေါ် သစ္စာရှိ သည့် ဝန်ထမ်းများအား ချီးမြှောက်ခြင်းသည် ကောင်းမွန်သည့်ကိစ္စဖြစ်ကြောင်း၊ ထို့ပြင်အုပ်ချုပ်ရေး ပိုင်းတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ၏ စိတ်နေသဘောထားများကို ပြုပြင်ပေးရန်လိုကြောင်း၊ ရေရှည်အတွက် မျှော်မှန်းပြီး ၎င်းတို့ကို နိုင်ငံ့ဝန်ထမ်း၊ အစိုးရဝန်ထမ်းတို့တွင် ရှိသင့်သည့် စိတ်ဓာတ်များ ရှိလာအောင် ပြုပြင်ပေးရန် လိုကြောင်း။

**ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်နေ**

ဘဏ်များ ပုံမှန်လည်ပတ်နိုင်ရန်အတွက် စီစဉ် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အနုပညာရှင်များနှင့် ပတ်သက်၍လည်း ရေရှည်အတွက်ကြည့်ပြီး ချိန်ဆကာ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်နေကြောင်း၊ အချို့မှာ အကြိမ်ကြိမ် သတိပေးနေသော်လည်း ဆက်လက် လုပ်ဆောင်နေသည့်အတွက် ထိထိရောက်ရောက် အရေးယူသွားရမည် ဖြစ်ကြောင်း၊ သတင်းများ အချိန် နှင့်တစ်ပြေးညီ ပြည်သူများ သိရှိနိုင်အောင် ကြားဖြတ် သတင်းစာရှင်းလင်းပွဲများ ကျင်းပနိုင်ရန် ဆောင်ရွက် နေကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် စဉ်းစားပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ အင်းတော်ကြီးကန် အပါအဝင် အခြားရေပြင်ကျယ်သည့် ကန်များတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက် ရာ၌ ဆက်စပ်မှုရှိသည့် ခရီးသွားလုပ်ငန်းနှင့် သဘာဝ အရင်းအမြစ်များ မထိခိုက်အောင် စဉ်းစားဆောင်ရွက် သွားကြရန်လိုကြောင်း။

**တာဝန်ပေးအပ်ထား**

နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးရာတွင် နိုင်ငံသားဥပဒေနှင့်အညီ သေချာစိစစ် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ပြုလုပ်ပေးရန် ကျန်ရှိ သူများအား စနစ်တကျ လုပ်ဆောင်ပေးနိုင်ရေး

**ဒီမိုကရေစီ လမ်းကြောင်းကို ဖော်ဆောင်ရာတွင် တိုင်းပြည်နှင့် ပြည်သူလူထုအပေါ် စေတနာအရင်းခံ၍ ဆောင်ရွက်သွားရန် လိုအပ်၊ ထိုသို့ စေတနာထား၍ ဆောင်ရွက်ပါက မိမိတို့အနေဖြင့် အောင်မြင်မည်ဟု ယုံကြည်။**

ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိအနေဖြင့် ဥပဒေပြုရေးအာဏာရှိသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျော်လွန်ဆောင်ရွက်၍ မရကြောင်း၊ ရွေးကောက်ပွဲစနစ် ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပါတီများ တွေ့ဆုံညှိနှိုင်းဆွေးနွေးရန် တာဝန်ပေးအပ်ထားကြောင်း။

**ရေအားလျှပ်စစ်ထုတ်လုပ်နိုင်**

မိမိတို့အနေဖြင့် တိုင်းပြည်၏ စီးပွားရေးကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏ စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် စီးပွားရေးကောင်းမွန်စေရန် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ တိုင်းပြည်၏ စီးပွားရေးကောင်းမွန်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ၍ ဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး လေ့လာဆန်းစစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ဒို့တာဝန်အရေး (၃) ပါးသည် အမျိုးသားရေးတာဝန်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ တည်ဆောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးမှုအချိုး ညီမျှစေရန် လိုကြောင်း၊ နောင်တက်လာမည့် အစိုးရသည်လည်း ယင်းလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရမည်ဖြစ်ကြောင်း။ တိုင်းရင်းသားများ စာတတ်မြောက်စေရန်နှင့် အသိပညာ မြင့်မားစေရန် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ၎င်းတို့၏ အကျိုးကို ဖော်ဆောင်ပေးရန်နှင့် ၎င်းတို့၏ ဘဝများ တိုးတက်လာအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ယုံကြည်မှု ရှိလာမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ရာတွင် တိုင်းပြည်နှင့် ပြည်သူလူထုအပေါ် စေတနာအရင်းခံ၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ စေတနာထား၍ ဆောင်ရွက်ပါက မိမိတို့အနေဖြင့် အောင်မြင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99971-996-6-9